မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၈ရက်၊ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆင္ဒအကြိမ်
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအကြိမ်အစည်းအဝေးကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စတင်ကျင်းပရာ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလိကာ ဆောင်ရွက်တော်မူသည်။

စာမျက်နှာ ၆ ကော်လံ ၃ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ မကြာမီ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Park Key Chong အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၆ ■

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တာဝန်ပြီးဆုံး၍ မကြာမီ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Park Key Chong အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး
အထောက်အကူပေးသည့် ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်း

သတင်းမှတ်စု - အေးသန္တာသိန်းနှင့် မြကေခိုင်စိုး

ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်၍ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ကာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် လမ်း၊ တံတားနှင့် ရထားလမ်းများကို စဉ်ဆက်မပြတ် ဖောက်လုပ်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၅ ✳

ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ်တွင် ရထားစတင်ပြေးဆွဲ ခုတ်မောင်းလာစဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

20-2 (01).pmd 1 2/20/2010, 2:23 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်)

မြန်မာ့ယဉ်ကျေးမှုနှင့် သဘာဝအလှအပများ ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံသည် ရေမြေသဘာဝသယံဇာတ ပြည့်စုံသောနိုင်ငံဖြစ်သကဲ့သို့ ရေမြေတောတောင် သဘာဝအလှကိုလည်း ပိုင်ဆိုင်ထားသော နိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားများကို စိတ်ဝင်တစားဆွဲဆောင်နိုင်သော မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝပင်လယ်ကမ်းခြေ၊ သဘာဝအလျောက် ဖြစ်တည်နေသောရေကန်များလည်း တည်ရှိနေသည်။

ကမ္ဘာပေါ်တွင် တန်ဖိုးမဖြတ်နိုင်သော သဘာဝရတနာသိုက် သစ်တောကြီးများ၊ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော ဇီဝမျိုးစုံ၊ မျိုးကွဲများကိုထိန်းသိမ်းကာကွယ်ထားသော သဘာဝတောများ မြန်မာနိုင်ငံတွင် ယနေ့တိုင် တည်ရှိနေပေသည်။ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစိတ်ဝင်စားသူများအတွက် ခရီးသွားစခန်းများ၊ အပန်းဖြေစခန်းများလည်း တည်ရှိပြီးဖြစ်သည်။

သဘာဝအလှကိုကြည့်ရှုခံစားပြီး အနားယူလိုသောခရီးသွားများအတွက် ငပလီကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ စက်စဲကမ်းခြေ၊ ချောင်းသာကမ်းခြေတို့ တည်ရှိသည်။ မည်သည့်ဒေသတွင်မျှ မတွေ့ရသော ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားစရာဒေသမှာ အင်းလေးဒေသ၏ မြင်ကွင်းဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အင်းလေးကန်ရေပြင်၌ ခြေထောက်နှင့်လှေလှော်ခတ်မှုသည် အင်းလေးဒေသ၏ ထူးခြားမှုပင်ဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ပုဂံယဉ်ကျေးမှုနယ်မြေသည် နိုင်ငံတကာခရီးသွား လောကတွင် ထင်ရှားသည်။ ပုဂံ၏ နေဝင်ချိန်ဆည်းဆာအလှကို ကမ္ဘာလှည့်ခရီးသွားများ စောင့်ဆိုင်းကြည့်ရှုရသည်အထိ ဆွဲဆောင်မှုအားကောင်းသည့် သဘာဝအလှအပရှုခင်းကို ကြည့်ရှုခံစားနိုင်ကြသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်တိုးမြှင့် ကြိုးပမ်းကြရမည်ဖြစ်သည်။ ယခုအခါ တိုင်းရင်းသားလုပ်ငန်းရှင်များကပါ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်လာကြသည်။ ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်ရောက်ရှိရေးအတွက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ခရီးသွားကုမ္ပဏီများသည် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်ရောက်ရှိခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ပြီး နိုင်ငံတော်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုလျက်ရှိရာ ခရီးသွားလုပ်ငန်း တိုးတက်အောင်မြင်ရေးအတွက် နိုင်ငံ၏သဘာဝအလှနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားတိုင်းက တာဝန်သိသိ ဝိုင်းဝန်းထိန်းသိမ်း သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ တိုင်းမှူးဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် အသစ်တည်ဆောက်ပြီးစီးသွားသော ကျောင်းဆောင်သစ်များအား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲများကို အဆိုပါကျောင်းများ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးသည် ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းက အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပက်ဖျန်း

ထို့နောက် တိုင်းမှူးက ကျောင်းဆောင်သစ် အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပက်ဖျန်းပေးသည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးက တိုင်းပညာရေးမှူးထံသို့ ပေးအပ်သည်။

ဂုဏ်ပြုလွှာ

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်ရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လက်ခံယူ

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က ခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးက ခန်းမဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ခန်းမ၌ အမှာစကားပြောကြားရာ အလှူရှင်က ခန်းမဆောင်ဆိုင်ရာ စာရွက်စာတမ်းများကို ပေးအပ်၍ တိုင်းပညာရေးမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၉ လမ်း ကိုယ့်အားကိုယ်ကိုး ထပ်ပိုးလွှာတင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက အဆိုပါလမ်းသစ်ထိပ်၌ ကျင်းပရာ တိုင်းမှူး တက်ရောက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းများမှ အမှတ် (၆)ရပ်ကွက်ရှိ ကောလိပ်ဟောင်းအဝင်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းက ကွင်းဆင်းကြီးကြပ်ရာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

၂၀၀၉ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုများထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သို့ ၂၀၀၉ခုနှစ်အတွင်း ရောက်ရှိခဲ့သော နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့်ထုတ်ဝေခဲ့သည့် စာအုပ်များအနက် စာကြည့်တိုက်ကော်မတီ၏ အဆုံးအဖြတ်ဖြင့် စာဖတ်သူများ သတိမူဖတ်ရှုနိုင်ရန် ဂုဏ်ပြုသောအားဖြင့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုများကို ၂၀၀၁ခုနှစ်အတွက်မှစ၍ တီထွင်ချီးမြှင့်လျက်ရှိသည်။

*၂၀၀၉ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်များကို စာရေးဆရာ ပါမောက္ခ ခင်မောင်ဝင်း (အသည်း) ရေးသားသည့် **"အမေနဲ့ကျွန်တော်"** စာအုပ်ကလည်းကောင်း၊ စာရေးဆရာ နော်ရထာဝင်းရေးသားသည့် **"ဗုဒ္ဓ၏တရားဦး"** စာအုပ်ကလည်းကောင်း အသီးသီးရရှိကြသည်။*

ချီးမြှင့်မည်

ယင်းဆုများကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ အမှတ်(၄၀) နတ်မောက်လမ်းရှိ Chatrium Hotel ၏ Grand Ballroom ခန်းမဆောင်၌ကျင်းပမည့် ပခုက္ကူဦးအုံးဖေစာပေဆုနှင့် ပညာရည်ချွန်ဆု၊ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တပေါင်းတည်း ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ဖြစ်ပွားမှုကာကွယ်ရေး နှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ယခုကာလတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ဖြစ်ပွားမှုများ မြန်မာနိုင်ငံတွင် တွေ့ရှိကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မှော်ဘီမြို့နယ်တို့တွင် New Influenza A(H1N1) ရောဂါပိုးတွေ့ရှိမှု ဖြစ်စဉ်များ ရှိပါသည်။

တုပ်ကွေးရောဂါလက္ခဏာဖြစ်ပွားပါက-

(၁) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
(၂) ရောဂါမကူးစက်စေရန် နှာခေါင်းနှင့် ပါးစပ်ကို လုံအောင် ဖုံးအုပ်သည့် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊
(၃) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
(၄) လူထူထပ်သော နေရာနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၅) နေအိမ်တွင် အနားယူ၍ စနစ်တကျ ပြုစုကုသမှုခံယူခြင်းတို့ကို ပြုလုပ်ရပါမည်။

အဖျားကြီးလွန်းခြင်း၊ ချောင်းအလွန်ဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ သတိလစ်ခြင်းစသည့် ရောဂါပြင်းထန်သောလက္ခဏာများ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူရပါမည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မြဝတီရုပ်မြင်သံကြား

၂၀-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၂၅)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **နှလုံးသားဖြင့်ရေးသီသော** ဟိန်းဝေယံ၊ ထွန်းအိန္ဒြာဗို၊ ချောရတနာ (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်**(အပိုင်း-၁၀)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄:၁၅ ၄။ ၂၀၁၀ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (သမိုင်း)
- ၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၂။ **စားဖိုဆောင်ချစ်သူ**
- ၆:၄၅ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့**(အပိုင်း-၅၁)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၁၄)
- ၂၃။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၃)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တာဝန်ပြီးဆုံး၍ မကြာမီ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Park Key Chong အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Park Key Chong နှင့်အတူ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✡ *ကျောဖုံးမှ*

ယင်းကြေညာချက်တွင် တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့်ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံသို့ ပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card)များကို သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ဖေဖော်ဝါရီ ၂၅ရက် (ကြာသပတေးနေ့)မှစ၍ စာမေးပွဲရက်မတိုင်မီ ကြိုတင်စုံစမ်းမေးမြန်း ထုတ်ယူကြရန် ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများတွင် မတ် ၁ရက် (တနင်္လာနေ့)မှစ၍ ကပ်ထားပေးမည်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသားကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ၂၀၁၀ခုနှစ် မတ် ၄ရက် (ကြာသပတေးနေ့)မှစ၍ ထုတ်ယူကြရန်ဖြစ်ပြီး အခြေခံပညာအထက်တန်းကျောင်း (ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီး ထုတ်ယူနိုင်ကြကြောင်းဖြင့် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မူလတန်းကြို ကျောင်းပေါင်းစုံ ပဒေသာကပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ပဒေသာကပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီက သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဂုဏ်ပြု

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံမှ ကလေးငယ်များက ပဒေသာကပွဲများဖြင့် ဖျော်ဖြေတင်ဆက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းကျောင်းပေါင်းစုံ မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီးများက ကလေးငယ်များအား ဂုဏ်ပြုဆုများချီးမြှင့်ပေးသည်။ **(မြန်မာ့အလင်း)**

အထက ကျောက်တံတားအာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အထက ကျောက်တံတား ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ် ၂၈ရက်(တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် အထက ကျောက်တံတား ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကိုသူရိန်ထွန်း ဖုန်း-၀၉-၅၁-၀၄၈၀၅၊ ကိုညီမင်းလွင် ဖုန်း-၀၁-၂၄၆၈၃၅၊ မမိုးမိုးအောင် ဖုန်း-၀၁-၇၂၇၈၇၂၊ ကိုကြီးစိုးအောင် ဖုန်း-၀၉-၅၀-၆၆၂၂၂၊ ကိုဇင်မိုးအောင် ဖုန်း-၀၁-၇၀၈၈၀၂၊ မကြည်ကြည်ခိုင် ဖုန်း-၀၁-၇၀၉၈၁၈၊ ကိုဂျိုးဂျိုး ဖုန်း-၀၉-၉၉-၂၂၇၇၄၊ မပွင့်ရည်ကျော် ဖုန်း-၀၉-၅၁-၈၃၅၇၃၊ ကိုဉာဏ်ထူးသာ ဖုန်း-၀၁-၃၈၆၄၃၆၊ ကိုနေလင်းဦး ဖုန်း-၀၉-၅၁-၇၉၀၆၀၊ မစုစုဝင်း ဖုန်း-၀၉-၅၀-၃၂၀၀၅နှင့် မခင်မျိုးထွေး ဖုန်း-၀၁-၃၈၈၀၇၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ တရားရုံးချုပ် လေ့ကျင့်ရေးဌာန သင်တန်းကျောင်း၌ ကျင်းပရာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တရားသူကြီး၊ ခရိုင်တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူ ၅၅ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက နိုင်ငံတော်မူဝါဒပိုင်းဆိုင်ရာကိစ္စများကို မျက်ခြည်မပြတ် လေ့လာပြီး နိုင်ငံနှင့် ပြည်သူကို အကျိုးပြုမည့် တရားသူကြီးကောင်းများဖြစ်အောင် ကြိုးစားရန်၊ တရားရုံးဂုဏ်သိက္ခာ အစဉ်တိုးတက်မြင့်မားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၀ခုနှစ် မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် မြန်မာပြည် တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ (Myanmar Open Tennis Tournament 2010)၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် ညနေ ၅နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား အသက် (၆၀)အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော ဦးသိန်းအောင်၊ ဒုတိယရရှိသော ဦးအောင်မြင့်တို့အားလည်းကောင်း၊ အမျိုးသား အသက် (၄၅)နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသော ဦးအောင်မိုးနှင့် ဦးကျော်တင့် အတွဲ၊ ဒုတိယရရှိသော ဦးအေးထွန်းနှင့် ဦးကျော်ကျော်ချို အတွဲတို့အားလည်းကောင်း၊ အမျိုးသား အသက် (၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသောဦးအောင်မိုးနှင့် ဒုတိယရရှိသော ဦးအေးထွန်းတို့အားလည်းကောင်း၊ အမျိုးသားအသက် (၃၅)နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသော အောင်မိုးနှင့် အေးထွန်းအတွဲ၊ ဒုတိယရရှိသော မျိုးလွင်ဦးနှင့် မောင်မောင်စိုးအတွဲတို့အားလည်းကောင်း၊အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ တွင် ပထမရရှိသော သန္တာအောင်၊ ဒုတိယရရှိသော ဇူးဇူး၊ ပူးတွဲတတိယရရှိကြသော ဇင်မာထွေးနှင့် ထားထားလွင်တို့အားလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသော မင်းမင်းနှင့် တူးတူးဂျာအတွဲ၊ ဒုတိယရရှိသော ဖြိုးမင်းသာနှင့် အောင်ကျော်နိုင်အတွဲ၊ ပူးတွဲတတိယရရှိကြသော အောင်ကိုဦးနှင့် တင်မျိုးဝေအတွဲနှင့် အိုက်ကျောက်နှင့် ဝင်းထက်ပိုင်အတွဲတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ယှဉ်ပြိုင်ကစား

အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် မင်းမင်းနှင့် ဖြိုးမင်းသာတို့ယှဉ်ပြိုင်ကစားကြရာ ၆-၃၊ ၃-၆၊ ၇-၇ကစားပြီးစီးချိန်အထိ သတ်မှတ်ချိန်အတွင်းပြိုင်ပွဲ မပြီးစီး၍ ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် ပြန်လည်ယှဉ်ပြိုင်ကစားကြရာ မင်းမင်းက ၆-၄၊ ၆-၁ဖြင့် အနိုင်ရရှိပြီး ပထမ၊ ဖြိုးမင်းသာက ဒုတိယ၊ ပူးတွဲတတိယ တူးတူးဂျာ နှင့် အောင်ကျော်နိုင်တို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

၂၀၀၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ A (H1N1) ရောဂါပိုးတွေ့ရှိသူပေါင်း ၆၉ ဦးရှိခဲ့ကြောင်း၊ ၂၀၁၀ခုနှစ် ဇန်နဝါရီမှ ယနေ့အထိ A (H1N1) ပိုးတွေ့ရှိသူ ၅၆ဦး ရှိခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် A (H1N1) ရောဂါသံသယဖြင့် ဆေးရုံတက်ရောက်သူ စုစုပေါင်း ၁၀၀ရှိခဲ့ရာ ၎င်းတို့အနက် ၂၄ ဦးမှာ ဆေးရုံဆင်းပြီဖြစ်ကြောင်း၊ ကျန်လူနာများမှာ ရောဂါသက်သာလျက်ရှိပြီး သတ်မှတ်ကုသကာလ မပြည့်သေးသဖြင့် စောင့်ကြပ်ကြည့်ရှု ကုသပေးလျက်ရှိခြင်းသာဖြစ်ကြောင်း၊ သေဆုံးသူ လုံးဝမရှိကြောင်း သိရသည်။

နှိုးဆော်ထား

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်များပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ကြံခင်းမြို့နယ် ထန်းတပင်အုပ်စု ထန်းတပင်ကျေးရွာ၌ ပုဂ္ဂလိကကျွန်းစိုက်ခင်းလုပ်ငန်းများ၊ တစ်အိမ်ထောင် ကျွန်း သုံးပင်၊ သစ်မာပင် ၂၀၊ တစ်ရွာ တစ်ဧက၊ လူတစ်ဦးလျှင် ကျွန်းတစ်ပင်စိုက်ပျိုးရေး ရှင်းလင်းဆွေးနွေးပွဲတွင် သုတရိပ်မြုံစာကြည့်တိုက် ဆောက်လုပ်ရေးအတွက် ဖြိုးစည်သူထရေးဒင်းကုမ္ပဏီက လိုအပ်သည့် ဘိလပ်မြေများကို လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ရုရှားကုမ္ပဏီများ ပီရူး၌ ရင်းနှီးမြှုပ်နှံမည်

လီမာ ဖေဖော်ဝါရီ ၁၉

ရုရှားကုမ္ပဏီများအနေဖြင့် ပီရူး၌ ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းများ ရှာကြံလျက်ရှိသည့်အပြင် ပီရူးနိုင်ငံနှင့် ကုန်သွယ်ရေးတိုးမြှင့်ပြုလုပ်သွားရန် ကြိုးပမ်းလျက်ရှိသည်ဟု ဖေဖော်ဝါရီ ၁၉ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကမ်းလှမ်းထား

တစ်ချိန်တည်းမှာပင် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် ချုပ်ဆိုရန်နှင့် စားသောက်ကုန်နှင့် ပင်လယ်ထွက်ပစ္စည်း ကုန်သွယ်မှုကို တိုးမြှင့်သွားရန် ရုရှားအစိုးရအား ပီရူးအစိုးရက ကမ်းလှမ်းထားသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ကျင်းပသည့် စာအုပ်ပွဲတော်တွင် ခရီးသည်များ လာရောက်ကြည့်ရှုလေ့လာနေသည်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းမှု ဩစတြေးလျခရီးသွားလုပ်ငန်းကြိုဆို

ကင်ဘာရာ ဖေဖော်ဝါရီ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဩစတြေးလျနိုင်ငံသို့ ပထမဦးဆုံးတိုက်ရိုက်ခရီးသည်ပို့ဆောင်ရေးလေယာဉ် ဆိုက်ရောက်လာခြင်းကို ဩစတြေးလျနိုင်ငံကကြိုဆိုကြောင်း တောင်ဩစတြေးလျ (အက်စ်အေ)ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အရာရှိများက ဖေဖော်ဝါရီ ၁၆ ရက်၌ ပြောကြားသည်။

တရုတ်တောင်ပိုင်းလေကြောင်းလိုင်း စင်းလုံးငှားလေယာဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှင်စင်းမြို့မှ ဩစတြေးလျနိုင်ငံ အဒီလိတ်မြို့သို့ ပျံသန်း ဆိုက်ရောက်လာကြောင်းဖြင့်လည်း ပြောကြားသည်။

ပြောကြား

အဆိုပါလေယာဉ်သည် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာမည့် မြောက်မြားလှစွာသော တရုတ်ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဈေးကွက်အတွက်အရေးကြီးသော ပထမအဆင့်ကို ဖွင့်လှစ်ပေးလိုက်ခြင်းပင်ဖြစ်သည်ဟု အက်စ်အေတောင် ဩစတြေးလျ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကော်မရှင် ယာယီအမှုဆောင်အရာရှိချုပ် ဂျိုပိုဒိုလိတ်ကပြောကြားသည်။ **(အင်တာနက်)**

သီရိလင်္ကာမြောက်ပိုင်း အမျိုးသားဥယျာဉ်ပြန်ဖွင့်ရန်စီစဉ်

ကိုလံဘို ဖေဖော်ဝါရီ ၁၉

သီရိလင်္ကာအစိုးရအနေဖြင့် ပြည်တွင်းစစ်ကြောင့် ပိတ်ထားခဲ့ရသော ဝေပတ်တူး အမျိုးသားဥယျာဉ်ကို ယခုအခါ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်ဟု သီရိလင်္ကာတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဌာနက ဖေဖော်ဝါရီ ၁၈ရက်၌ ကြေညာသည်။

စီစဉ်ထား

အဆိုပါ ဥယျာဉ်ပြန်လည်ပြင်ဆင်ခြင်းနှင့် မြုပ်နှံမိုင်းရှင်းလင်းခြင်းကိစ္စရပ်များ လုံးဝပြီးပြတ်သွားပြီဖြစ်သည့်အတွက် လာမည့်ဖေဖော်ဝါရီလကုန်ပိုင်း၌ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းဥယျာဉ်သည် သီရိလင်္ကာမြောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းပြည်နယ်နှစ်ခုအကြား၌တည်ရှိပြီး ကျားသစ်နှင့် ဆင်ကောင်ရေအများဆုံးရှိသည်။

ပိတ်ထား

၂၀၀၆ခုနှစ် မေလအတွင်း၌ ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသော ဂျစ်ကားတစ်စီး မြေမြှုပ်ဗုံးနင်းမိပြီးနောက် အဆိုပါဥယျာဉ်ကို ပိတ်ထားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာဗွန်ခွန်စည်းကြပ်သွားရေး တောင်ကိုရီးယားစဉ်းစားနေ

ဆိုးလ် ဖေဖော်ဝါရီ ၁၉

တောင်ကိုရီးယားအစိုးရသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုလျှော့ချရေး ယင်း၏ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်သည့်အနေဖြင့် ကာဗွန်ခွန်စည်းကြပ်သွားရန် စဉ်းစားနေပြီဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာက ဖေဖော်ဝါရီ ၁၉ရက်၌ ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၁၀ခုနှစ်တွင် ၂၀၀၅ခုနှစ်က ထုတ်လွှတ်မှုပမာဏ၏ ၄ရာခိုင်နှုန်းလျှော့ချသွားရန် လွန်ခဲ့သည့် ၂၀၀၉ခုနှစ် နိုဝင်ဘာလက ကတိပေးခဲ့သည်။ ၂၀၀၅ခုနှစ်တွင်ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏသည် ၂၀၁၀ခုနှစ်တွင် ထုတ်လွှတ်ရန်မျှော်မှန်းထားသည့်ပမာဏ၏ ၃၀ရာခိုင်နှုန်း လျှော့ချထားခြင်းနှင့် ညီမျှသည်။

လျှော့ချ

တောင်ကိုရီးယားနိုင်ငံအနေဖြင့် လွန်ခဲ့သည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် အခြေခံအုတ်မြစ်ချခဲ့ကြောင်း၊ ယခုအခါယင်းကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်လာပြီဖြစ်သည်။

အကောင်အထည်ဖော်

တောင်ကိုရီးယားအစိုးရသည် ကာဗွန်ခွန်နှင့် ပတ်ဝန်းကျင်ခွန်စည်းကြပ်ရေးကို စတင်အကောင်အထည်ဖော်သွားရန် စဉ်းစားနေပြီဖြစ်ကြောင်း အမည်မဖော်လိုသူအစိုးရအရာရှိတစ်ဦးက ပြောကြားသည်ဟု တောင်ကိုရီးယားသတင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

အာဂျင်တီးနားသို့ လျှပ်စစ်ပစ္စည်းတင်ပို့မှု တရုတ်အများဆုံးဖြစ်

ဗျူနိုစ်အေရိစ် ဖေဖော်ဝါရီ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံအတွက် လျှပ်စစ်ပစ္စည်းများ အဓိကတင်ပို့ရောင်းချသည့်နိုင်ငံဖြစ်ကြောင်း၊ အာဂျင်တီးနားနိုင်ငံ၏ သွင်းကုန်များအနက် ၃၅ဒသမ ၈ရာခိုင်နှုန်းကို တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း အာဂျင်တီးနားနိုင်ငံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံရေးအဖွဲ့(အိုင်အိုင်အီးအက်စ်)က ဖေဖော်ဝါရီ ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

ဘရာဇီးနိုင်ငံသည် အာဂျင်တီးနားနိုင်ငံ၏ ၂၀၀၉ခုနှစ် လျှပ်စစ်ပစ္စည်းသွင်းကုန်၏ ၃၁ဒသမ ၈ရာခိုင်နှုန်း တင်ပို့ရောင်းချခဲ့သည့် နိုင်ငံဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံပြီးလျှင် ဒုတိယမြောက် လျှပ်စစ်ပစ္စည်း အများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံဖြစ်သည်။

ကျဆင်း

သို့ရာတွင် အာဂျင်တီးနားနိုင်ငံ၏ ၂၀၀၉ခုနှစ် သွင်းကုန်ပမာဏသည် စုစုပေါင်း အမေရိကန် ဒေါ်လာ ၅၄၉ဒသမ၅ သန်းအထိ ကျဆင်းခဲ့ကြောင်း၊ အာဂျင်တီးနားနိုင်ငံ၏ ပို့ကုန်ပမာဏမှာ ၂၀၀၈ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၄၂ဒသမ ၁ ရာခိုင်နှုန်းကျဆင်းကာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၆ဒသမ ၂သန်းဖိုးသာရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် အာဂျင်တီးနားနိုင်ငံ၏ ၂၀၀၉ ခုနှစ် ကုန်သွယ်မှုပိုငွေသည် အမေရိကန်ဒေါ်လာ ၄၇၃ ဒသမ ၃သန်းအထိ ရှိခဲ့သည်ဟု သိရသည်။ **(အင်တာနက်)**

ရိုးရာလှေပန်းပုလက်ရာ

နယူးဇီလန်နိုင်ငံမှ ၂၀၁၀ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် ရိုးရာလှေပန်းပုလက်ရာ ထုလုပ်နေသည်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အင်ဒိုဓာတ်ငွေ့ရည် ပြည်ပသို့ တိုးမြှင့်တင်ပို့မည်မဟုတ်

ဂျကာတာ ဖေဖော်ဝါရီ ၁၉

အင်ဒိုနီးရှားပြည်တွင်းလောင်စာဆီဝယ်လိုအား တစ်ဟုန်ထိုးမြင့်မားလာမှုကို ဖြည့်ဆည်းနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ရည်(အယ်လ်အင်န်ဂျီ) ရောင်းချမှု ကန်ထရိုက်စာချုပ်များကိုအနာဂတ်ကာလတွင် သက်တမ်းတိုးချဲ့နိုင်ဖွယ်မရှိဟု အင်ဒိုနီးရှားအစိုးရက ပြောကြားကြောင်း ဒေသခံ သတင်းမီဒီယာက ဖေဖော်ဝါရီ ၁၈ရက်၌ ဖော်ပြသည်။

ဖော်ပြ

အမျိုးသားအကျိုးစီးပွားသည် ပထမဦးစားပေးကိစ္စဖြစ်သည်ဟု အစိုးရအဖွဲ့အတွင်း သဘောတူညီထားကြောင်း၊ ယင်းကြောင့် ဓာတ်ငွေ့ရည်ရောင်းချမှုစာချုပ်သက်တမ်းမတိုးဘဲ ရပ်ဆိုင်းပြီး ပြည်တွင်းဈေးကွက်အတွက် ခွဲဝေသတ်မှတ်မည်ဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်လေယာဉ်တင်သင်္ဘော ဟောင်ကောင်ဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နား

ဟောင်ကောင် ဖေဖော်ဝါရီ ၁၉

အမေရိကန် လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ်နီမစ်ဇ်သည် ဟောင်ကောင်ဆိပ်ကမ်း ကမ်းလွန်တစ်နေရာတွင် ကျောက်ချရပ်နားလျက်ရှိရာ တရုတ်နှင့်အမေရိကန်နှစ်နိုင်ငံအတွင်း လတ်တလောတင်းမာမှုများလျော့ပါးသည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ကြေညာ

နျူကလီးယား စွမ်းအင်သုံး နီမစ်ဇ်လေယာဉ်တင်သင်္ဘောသည် အာဖဂန်နစ္စတန်နိုင်ငံ လေကြောင်းစစ်ဆင်ရေးတွင် ရေတပ်စခန်းအဖြစ် ငါးလကြာမြောက်အာရေဗျပင်လယ်၌ တာဝန်ထမ်းဆောင်ပြီး ဟောင်ကောင်တွင် ဖေဖော်ဝါရီ ၁၇ရက်က စတင်ကာ လေးရက်ကြာဆိုက်ကပ်ရပ်နားမည်ဟု ယူအက်စ်အက်စ်နီမစ်ဇ်က ကြေညာထားသည်။ **(အင်တာနက်)**

အိန္ဒိယ၌ ဘတ်စ်ကားမြစ်ထဲထိုးကျ ၂၂ ဦးသေဆုံး

မွမ်ဘိုင်း ဖေဖော်ဝါရီ ၁၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတရာပရာဒေ့ရှ်ပြည်နယ်၌ ဖေဖော်ဝါရီ ၁၆ ရက်ညတွင် မင်္ဂလာဧည့်ခံပွဲတက်ရောက်မည့် ဧည့်သည်များအားတင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး ပါဟန့်မြစ်အတွင်းထိုးကျရာ ၂၂ ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခရီးသည် ၇၀ ကျော်တင်ဆောင်လာသည့် အဆိုပါဘတ်စ်ကားမှာ ယာယီဆောက်လုပ်ထားသည့် တံတားပေါ်ဖြတ်ကျော်စဉ် မြစ်အတွင်းထိုးကျခဲ့ခြင်းဖြစ်သည်။ ရေထဲကျအပြီးတွင် ကားပြတင်းပေါက်မှ လူ ၄၀ လွတ်မြောက်လာခဲ့ကာ ၁၃ ဦးပျောက်ဆုံးလျက်ရှိသည်။ **(အင်တာနက်)**

ပြည်ပမှဆရာဝန်များအား အင်ဒိုနီးရှားဖိတ်ခေါ်

ဂျကာတာ ဖေဖော်ဝါရီ ၁၉

ကမ္ဘာပေါ်တွင် လူဦးရေစတုတ္ထအများဆုံးဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၌ ပြည်သူ့ကျန်းမာရေးအတွက် ဆရာဝန်များ လိုအပ်လျက်ရှိရာ ပြည်ပတိုင်းပြည်များမှ ဆရာဝန်များကို ဖိတ်ခေါ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၉ရက်၌ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

မလုံလောက်

အင်ဒိုနီးရှားလူဦးရေသန်း ၂၃၀ကျော်တွင် ဆရာဝန် ၁၀၈၁၃၂ဦးသာရှိရာ လုံလောက်မှုမရှိကြောင်း ပြည်သူ့ဆေးရုံမှ အကြီးအကဲက ပြောကြားသည်။

ပြောကြား

အင်ဒိုနီးရှားနိုင်ငံ၌ ကျွန်းပေါင်း ၁၇၅၀၀ကျော်တည်ရှိရာ ပြည်ပနိုင်ငံများမှ ဆရာဝန်များလာရောက်လျှင် ဝမ်းမြောက်စွာကြိုဆိုမည်ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ကျန်းမာရေးဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့အနီး အဝေးပြေးလမ်းမပေါ်၌ ထရပ်ကားသုံးစီးတိုက်မိရာ ကယ်ဆယ်ရေးဝန်ထမ်းများ ရှင်းလင်းဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အစည်းအဝေးကြီး ကျင်းပနိုင်ရန် အခွင့်အရေးသည် အလွန်ရခဲသော အခွင့်အရေးကြီးဖြစ်

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း ပျော့ကွက်ဟာကွက်မရှိဘဲ ကျစ်လျစ်ခိုင်မာဖွဲ့စည်းဆောင်ရွက်ရန် အခွင့်သင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်၏ နောင်ရေးကို မျှော်တွေးဆင်ခြင်စဉ်းစား

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ သာရဏီယ ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည် -

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးသို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ အမှူးရှိသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ၍ မြတ်ဗုဒ္ဓ၏ သာသနာတော်အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသ ပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည် ဘုရား။

ရှင်းလင်းလျှောက်ထား

ဆရာတော်အရှင်မြတ်တို့ဘုရား၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စတုတ္ထ အစည်းအဝေး၌ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများ၊ ညွှန်ကြားလွှာများ၊ ပြင်ဆင်ဖြည့်စွက်ချက်များနှင့်စပ်လျဉ်း၍ တပည့်တော်ပေးခဲ့သော ညွှန်ကြားချက်ဩဝါဒကို ရှင်းလင်းလျှောက်ထားမည်ဖြစ်ပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး တည်တံ့ခိုင်မြဲစွာ တည်ရှိနေခြင်းကို မလိုလားသော အချို့ပုဂ္ဂိုလ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပြိုကွဲပျက်စီးအောင် ပြည်တွင်းပြည်ပ နှစ်ဖက်ညှပ်၍ ထိုးနှက်တိုက်ခိုက်သည့် သာသနာ့ဘေးရန် ပေါ်ပေါက်လာသည်ကို ကြားသိရပါသည်။ ဆရာတော်များလည်း ကြားသိပြီးဖြစ်ပါလိမ့်မည် ဘုရား။ ဤသာသနာ့ဘေးရန်သည် မပြောပလောက်သည့် သေးငယ်သော ဘေးရန်ပင်ဖြစ်ငြားသော်လည်း ဘေးရန်ကို လျှော့တွက်ရန်မသင့်ပါ။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တည်ရှိနေမှသာ သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်ပါသည် ဘုရား။ တပည့်တော်တို့ ထေရဝါဒ ဗုဒ္ဓသာသနာဝင် အရှင်မြတ်တို့က ကြိုတင်ပြင်ဆင်မှု ရှိထားရမည်သာ ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း စသည်တို့ ပျော့ကွက် ဟာကွက်မရှိဘဲ ကျစ်လျစ်ခိုင်မာနေမှသာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်လည်း တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း စသည်တို့မှာ ပျော့ကွက် ဟာကွက်မရှိဘဲ ကျစ်လျစ်ခိုင်မာအောင် စေ့စပ်သေချာစွာ စိစစ်လေ့လာ၍ ပြင်ဆင်ဖြည့်စွက် နုတ်ပယ်သင့်သောနေရာများကို ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ကြရန် ယခင်အစည်းအဝေးများမှာ ဩဝါဒပေးခဲ့ဖူးပါသည်။ ထိုဩဝါဒကို အကောင်အထည်ဖော်သောအနေဖြင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း စသည်ကို စိစစ်ပြင်ဆင်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည် ဘုရား။

လမ်းညွှန်ဩဝါဒပေး

ထိုစိစစ်ပြင်ဆင်ရေးအဖွဲ့က စိစစ်ပြင်ဆင်ပြီးဖြစ်သော စာမူကြမ်းကို ပေးပို့၍ ထိုပြင်ဆင်ထားသော စာမူကြမ်းအပေါ် လမ်းညွှန်ဩဝါဒပေးပါရန် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ကိုယ်စား ဦးခင်မောင်ဝင်းလက်မှတ်ဖြင့် ဆက်ကပ်လာပါသည်။ ထိုဆက်ကပ်လွှာကို တပည့်တော်နှင့် အကျိုးတော်ဆောင်နှစ်ပါးအထံသို့သာ ဆက်ကပ်ထားသဖြင့် မိမိအပေါ် တာဝန်ကျရောက်လာခြင်းကြောင့် ယခင်က လမ်းညွှန်ချက်ပေးရန် မရည်ရွယ်ခဲ့သော်လည်း ကျရောက်လာသော တာဝန်အရ လမ်းညွှန်ဩဝါဒကို ပေးခဲ့ရပါသည်။ အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ လျှောက်ထား၍ ပေးခဲ့သည်မဟုတ်ပါ။

လမ်းညွှန်ဩဝါဒပေးရန် ထိုစာမူကြမ်းကို လေ့လာကြည့်ရှုရာ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းစသည်တို့ကို ပြင်ဆင်ထားသည့် အချက်အလက်များမှာ ပြည့်စုံပြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ နောင်ပြင်ဆင်ရန်လိုအပ်ပါက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကပင် ပြင်ဆင်နိုင်ခွင့်ရှိခြင်းတို့ကြောင့်လည်းကောင်း လမ်းညွှန်ဩဝါဒ မပေးတော့ဘဲ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပြင်ဆင်ချက်ကိုသာ ပဓာနထား၍ လေ့လာကြည့်ရှုရာ ၂၀၀၈ခုနှစ်ထုတ် သံ/စည်း အခြေခံစည်းမျဉ်းအခန်း (၁၃)အပိုဒ် (၈၁)(၈၂)(၈၃)(၈၄)တို့ကို ပြင်ဆင်ထားသည်တို့ကိုသာ တွေ့ရှိရပါသည်။ ထိုအပိုဒ်များနှင့် အကြောင်းအကျိုးဆက်စပ်ယှက်နွယ်နေသော အပိုဒ် (၈၆)(၈၇)(၈၈)တို့ကို ပြင်ဆင်ထားသည်တို့ကိုမူ မတွေ့ရပါ။ (၈၁၊ ၈၂၊ ၈၃၊ ၈၄)တို့နှင့် (၈၆၊ ၈၇၊ ၈၈)တိုသည့် အကြောင်းအကျိုးဆက်စပ်ယှက်နွယ်နေသော စည်းမျဉ်းများဖြစ်ကြသောကြောင့် (၈၁၊ ၈၂၊ ၈၃၊ ၈၄)တို့ကို ပြင်ဆင်လျှင် ထိုစည်းမျဉ်းများနှင့် အကြောင်းအကျိုးဆက်စပ် ယှက်နွယ်နေသော (၈၆၊ ၈၇၊ ၈၈)တို့ကိုလည်း ပြင်ဆင်သင့်ပါသည်။ (၈၆၊ ၈၇၊ ၈၈)တို့ကို မပြင်ဆင်လျှင် (၈၁၊ ၈၂၊ ၈၃၊ ၈၄)တို့ကိုလည်း ပြင်ဆင်ရန်မလိုဟု ထင်မြင်ယူဆပါသည်။ အပိုဒ် (၈၁၊ ၈၂၊ ၈၃၊ ၈၄)တို့ကို ပြင်ဆင်ရန်မလိုပါက ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အစည်းအဝေးကိုလည်း ခေါ်ယူကျင်းပရန် မလိုတော့ပါ။ ထိုဖော်ပြပါ အကြောင်းများကြောင့် (၈၆၊ ၈၇၊ ၈၈)တို့ကို ပြင်ဆင်သင့်ကြောင်း ညွှန်ကြားချက်ပေးခဲ့ပါသည်။ မည်သည့်ပုဂ္ဂိုလ် တစ်စုံတစ်ယောက်၏ လျှောက်ထားချက်မျှမပါပါ။ မိမိ၏ ထင်မြင်ယူဆချက်ဖြင့် ပေးခဲ့ခြင်းသာ ဖြစ်ပါသည် ဘုရား။

အကြောင်းရင်းထောက်ဆ

အခြေခံစည်းမျဉ်းအခန်း(၁၃) အပိုဒ် (၈၁၊၈၂၊၈၃၊ ၈၄)တို့ကို ၁၉၈၅ ခုနှစ် ရိုက်နှိပ်သော မူဟောင်းအတိုင်း စိစစ်ရေးအဖွဲ့က ပြင်ဆင်ထားပါလျက် အပိုဒ်(၈၆၊ ၈၇၊ ၈၈)တို့ကို ၁၉၈၅ ခုနှစ်ရိုက်နှိပ်သော မူဟောင်းအတိုင်းပြင်ဆင်ရန် လမ်းညွှန်မှုမပြုဘဲ ခြောက်နှစ်သက်တမ်း နှစ်ကြိမ်ရွေးချယ်ခံနိုင်ခွင့်ရှိကြောင်း လမ်းညွှန်မှုပြုရသည်မှာလည်း ဤ ၂၅% (ရာခိုင်နှုန်း)ဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းကို ထောက်ဆ၍ လမ်းညွှန်မှု ပြုခဲ့ရပါသည် ဘုရား။

ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့အဖွဲ့အစည်း အစည်းအဝေးကြီး ကျင်းပမည့်အခါ အချို့ဗဟိုဝန်ဆောင်ဆရာတော်များက နိုင်ငံတော်သံဃမဟာနာယက သက်တမ်းကို (၅)နှစ် တစ်ကြိမ် သို့မဟုတ် (၅)နှစ် နှစ်ကြိမ်သာ သတ်မှတ်သင့်ကြောင်း၊ အချို့ဗဟိုဝန်ဆောင်ဆရာတော်များက နှစ်ကန့်သတ်မှုမပြုဘဲ သံဃာ့ဆန္ဒသာထားသင့်ကြောင်း အယူအဆကွဲပြားခဲ့ကြပါသည်။ ယင်းအယူဝါဒ မတူမျှသောပြဿနာကို နှစ်ဖက်ညှိနှိုင်း၍ မပြေလည်သေးမီ သာသနာရေးဝန်ကြီးကစိုးရိမ်ပြီး နိုင်ငံတော်အကြီးအကဲများထံ တင်ပြသဖြင့် နိုင်ငံတော်အကြီးအကဲများက ယခု ၂၅%(ရာခိုင်နှုန်း)မူကို တင်ပြလျှောက်ထားခဲ့ပါသည်။ ထို ၂၅%(ရာခိုင်နှုန်း)မူကို အချို့က နှစ်သက်၍ အချို့က မနှစ်သက်ကြသော်လည်း ညှိနှိုင်းတိုင်ပင်ရန် အချိန်မရသဖြင့် ၂၅%(ရာခိုင်နှုန်း)မူ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည် ဘုရား။

၂၅%(ရာခိုင်နှုန်း)မူ ရိုက်နှိပ်ပြီး၍ ထွက်ပေါ်လာသောအခါ အချို့ဆရာတော်အများစုက ထို ၂၅%(ရာခိုင်နှုန်း)မူ၌ အပြစ်အနာအဆာများကို ထောက်ပြဝေဖန်လာကြပါသည်။ ယခုအခါ ၂၅%(ရာခိုင်နှုန်း)မူကို ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် အစည်းအဝေးကြီးက အတည်ပြုပြီးဖြစ်သဖြင့် နောက်ဆဋ္ဌအကြိမ် ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့အစည်းအဝေး ကျင်းပရာအခါမှာမှ ဆရာတော်များ၏ လိုလားချက်ကို တင်ပြရန် လျှောက်ထားနှစ်သိမ့်စေခဲ့ရပါသည်။ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အစည်းအဝေးကြီးပြီးသည့်နောက် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးများ မကျင်းပနိုင်တော့သဖြင့် ၂၅%(ရာခိုင်နှုန်း)မူကို မပြင်ဆင်နိုင်တော့ဘဲ ယခုထက်တိုင် ထိုမူကိုပင် သုံးစွဲလာခဲ့ရပါသည် ဘုရား။ ယခုအခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးတည်ရှိနေသည်ကို မနှစ်သက်ကြသော ပုဂ္ဂိုလ်အချို့က ဂိုဏ်းဂဏအမျိုးမျိုးထောင်၍ ပြည်တွင်းပြည်ပ နှစ်ဖက်ညှပ်၍ ထိုးနှက်တိုက်ခိုက်လာသည်ကို ကြားသိနေရပါသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အားလုံး မြဲမြံခိုင်ခံ့တည်တံ့နေမှသာ သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည် ဖြစ်သောကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ အသက်သွေးကြောသဖွယ်ဖြစ်သော အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းစသည်တို့ကို ပျော့ကွက်ဟာကွက်မရှိဘဲ ကျစ်လျစ်ခိုင်မြဲနေအောင် စိစစ်လေ့လာ၍ ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်ရန် အချိန်ကျရောက်သည်ဟု ထင်မြင်ပါသည်။ ယခုအခါ သာသနာတော်ကို ကြည်ညိုသော ဆောင်ရွက်နိုင်စွမ်းလည်းရှိသော အစိုးရမင်းများလက်ထက်မှာ ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် အစည်းအဝေးကြီးကျင်းပပေးရန် မေတ္တာရပ်ခံလျှင် ကျင်းပပေးလိမ့်မည်ဟု ထင်မြင်ပါသည်။

ဖွဲ့စည်းဆောင်ရွက်

ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အစည်းအဝေးကြီး ကျင်းပနိုင်ရန် အခွင့်အရေးသည် အလွန်ရခဲသော အခွင့်အရေးကြီးဖြစ်ပါသည်။ ထိုအခွင့်အရေးကို လက်မလွတ်စေဘဲ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း စသည်တို့ကို ပျော့ကွက် ဟာကွက်မရှိအောင် ကျစ်ကျစ်လျစ်လျစ်ပြင်ဆင်၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ကျစ်ကျစ်လျစ်လျစ် ခိုင်ခိုင်မာမာ ဖွဲ့စည်းဆောင်ရွက်ရန် အခွင့်သင့်ပါပြီ။

ယခုအခါ (၃)နှစ် တစ်ကြိမ် ၂၅%(ရာခိုင်နှုန်း) အနားယူသွားကြသဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်လိုသော သာသနာ့စိတ်ဓာတ် အပြည့်အဝရှိတော်မူကြ၍ စွမ်းဆောင်နိုင်သော ဗျတ္တပဋိဗလဖြစ်သည့် ဆရာတော်များ များစွာပါဝင်သွားသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှာ အင်အားနည်းပါးလာပါသည်။ ပြည်နယ်/ တိုင်း/ မြို့နယ် သံဃနာယကအဖွဲ့များလည်း အင်အားချည့်နဲ့လာကြပါသည်။ အချို့ အခြေခံဒေသများ၌ ခြောက်နှစ်သက်တမ်းကို သုံးနှစ်စီခွဲ၍ ကတိကဝတ်ဖြင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အစည်းအတွင်း ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သုံးနှစ်ဟူသော အချိန်ကာလသည် များစွာကြာမြင့်သည်မဟုတ်ပါ။ သံဃာ့အဖွဲ့အစည်း၏ လုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများ စသည်တို့ကိုလေ့လာ၍ ဆောင်ရွက်စွမ်းနိုင်ကာမှဖြင့် အနားယူသွားရသည့်အတွက် သာသနာတော်ကြီးမှာ နစ်နာဆုံးရှုံးရပါသည်။ ထိုအနားယူသွားသော ဆရာတော်များကိုလည်း နောက်ထပ် သံဃာ့အဖွဲ့အစည်း၌ ရွေးချယ်နိုင်ခွင့်မရှိတော့သဖြင့် သာသနာတော်၏ သားကောင်းသဖွယ်ဖြစ်သော သာသနာပြုပုဂ္ဂိုလ်များ နည်းပါးလာရပါသည်။ အချို့ ပြည်နယ်/ တိုင်း/ မြို့နယ်များ၌ အစားထိုးရွေးချယ်ရမည့် ပုဂ္ဂိုလ်များ ရှားပါးသဖြင့် ဖြစ်သလိုပင် ဖွဲ့စည်း လိုက်ရပါသည်။ ဤသို့သော အကြောင်းများကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၁) အပိုဒ် (၈၆၊ ၈၇၊ ၈၈)တို့ကို -

အပိုဒ်(၈၆) **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သက်တမ်းသည် ယေဘုယျအားဖြင့် ခြောက်နှစ်ဖြစ်သည်။ ခြောက်နှစ်ပြည့်သောအခါ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အများစုက ထပ်မံရွေးချယ်တင်မြှောက်လျှင် နောက်ထပ် ခြောက်နှစ် တစ်ကြိမ် ရွေးချယ်ခံနိုင်ခွင့်ရှိသည်။**

အပိုဒ်(၈၇) **ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ သက်တမ်းသည် ယေဘုယျအားဖြင့် ခြောက်နှစ်ဖြစ်သည်။ ခြောက်နှစ်ပြည့်သောအခါ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်အများစုက ထပ်မံရွေးချယ်တင်မြှောက်လျှင် နောက်ထပ် ဒုတိယ ခြောက်နှစ်တစ်ကြိမ် ရွေးချယ်ခံနိုင်ခွင့်ရှိသည်။ ရဟန်းသံဃာတော် ၅၀၀၀အောက်ရှိ ပြည်နယ်/ တိုင်းများ၌ နောက်ထပ် တတိယ ခြောက်နှစ် တစ်ကြိမ် ရွေးချယ်ခံနိုင်ခွင့်ရှိသည်။**

အပိုဒ်(၈၈) **မြို့နယ်သံဃနာယကအဖွဲ့၏ သက်တမ်းသည် ယေဘုယျအားဖြင့် ခြောက်နှစ်ဖြစ်သည်။ ခြောက်နှစ်ပြည့်သောအခါ မြို့နယ်သံဃာ့ဝန်ဆောင် အများစုက ထပ်မံရွေးချယ်တင်မြှောက်လျှင် နောက်ထပ် ဒုတိယ ခြောက်နှစ်တစ်ကြိမ် ရွေးချယ်ခံနိုင်ခွင့်ရှိသည်။ ရဟန်းသံဃာ (၅၀၀)အောက်ရှိ မြို့နယ်များ၌ နောက်ထပ် တတိယ ခြောက်နှစ်တစ်ကြိမ် ရွေးချယ်ခံနိုင်ခွင့်ရှိသည်-ဟု ပြင်ဆင်ရန် ညွှန်ကြားချက်ဩဝါဒ ပေးခဲ့ရပါသည်။**

ထိုညွှန်ကြားချက်ဩဝါဒကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က လက်ခံ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးသို့ တင်ပြခဲ့ရခြင်းဖြစ်ပါသည်ဘုရား။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က အတည်ပြုလက်ခံလျှင် ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အစည်းအဝေးကြီးသို့ တင်ပြ၍ အတည်ပြုချက်ရယူမည် ဖြစ်ပါသည်။ ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အစည်းအဝေးကြီးက အတည်ပြုပြီးမှသာ ဤအခြေခံစည်းမျဉ်းများ အတည်ဖြစ်ပါလိမ့်မည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ ဘုရား၊ တပည့်တော် လျှောက်ထားခဲ့ပြီးသော အကြောင်းအရာများကို ဆင်ခြင်သုံးသပ်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ နောင်ရေးကို မျှော်တွေးကာ လေးလေးနက်နက် ဆင်ခြင်စဉ်းစား နှလုံးထား၍ အတည်ပြုသင့်၊ မပြုသင့်ကို ဆုံးဖြတ်တော်မူကြရန် လျှောက်ထားပါသည်။ တပည့်တော်၏ ညွှန်ကြားချက်ဩဝါဒထက် ကောင်းမွန်သော သာသနာတော်အကျိုးရှိမည့် အကြောင်းအရာများရှိပါကလည်း တင်ပြတော်မူကြပါရန် လျှောက်ထားလျက် နိဂုံးချုပ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

ဘဒ္ဒန္တကုမာရ
ဥက္ကဋ္ဌ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ သာသနာ့တာဝန်များကို အားသစ်စုပေါင်း ထပ်လောင်းကြိုးပမ်း ထမ်းဆောင်

နိုင်ငံတော်အစိုးရအမှူးရှိသော ဒကာပြည်သူတို့ ကိုယ်စိတ်နှစ်ပါး အားစွမ်းထားလျက် သာသနာရေးရာလုပ်ငန်းများကို ဆရာနည်းကျ ဩဝါဒတော်များနှင့် ညှိနှိုင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာလျှောက်ထားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

သံဃာ့ဂုဏ်ကို အာရုံပြုလျက် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အနန္တ ကျေးဇူးတော်ရှင် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား -

သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် ကောင်းစွာ ရေးရှုဂရုပြုကာ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကို ရှုငဲ့တော်မမူ သည်းခံတော်မူကြလျက် သမ္မာဆန္ဒ အပြည့်အဝဖြင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေးသို့ အညီအညွတ် ကြွရောက်ချီးမြှင့်တော်မူလာကြသော သာသနာ့ထိပ်ခေါင်တင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်များအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ စုံစုံညီညီ ဖူးမြော်ကြည်ညိုရပါသဖြင့်လည်းကောင်း၊ နှစ်ပတ်လည် သံဃာ့အစည်းအဝေးပွဲကြီးအတွက် အစည်းအဝေးပွဲဆိုင်ရာ ကြိုဆိုပင့်ဆောင်ရေး၊ သီတင်းသုံးရေး၊ ဆွမ်းဆက်ကပ်ရေးစသည်တို့ကို ကြိုတင်စီစဉ်ဆောင်ရွက်ခွင့် ရရှိပါသဖြင့်လည်းကောင်း၊ သာသနာရေးဆိုင်ရာအဖြာဖြာတို့ကို လျှောက်ထားခွင့်ရရှိပါသဖြင့်လည်းကောင်း ပါရမီကုသိုလ်တရားများကို ဖြည့်စွမ်းဆည်းပူးခွင့်ရရှိပြီး သဒ္ဓါ သီလ သုတ စာဂ ပညာ စသည့် သူတော်ကောင်းဥစ္စာ ၇-ပါးကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ရရှိကြပေသည်ဟု အတိုင်းမသိ ကြည်နူးဝမ်းမြောက်ဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည် ဘုရား။

နှလုံးအိမ်

သဗ္ဗညုတ ရွှေဉာဏ်တော်သခင် ဘုရားရှင်သည် လူနတ်ဗြဟ္မာ သတ္တဝါအများတို့၏ အကျိုးစီးပွားအလို့ငှာ ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓ သာသနာတော်ဟူ၍ သာသနာတော်သုံးရပ်ကို ဖြစ်ထွန်းစေတော်မူခဲ့ရာ ဘုရားမုခပါဌ် တရားတော်မြတ်အပေါင်းကို ပထမသံဂါယနာမှ ဆဋ္ဌသံဂါယနာသို့တိုင်အောင် ဘုရားရှင်၏ သားတော် သံဃာတော်ထေရ်ရှင်တို့သည် အစဉ်အဆက် နှုတ်တက်အာဂုံဆောင်ထားကြရာမှ သင်အံမှတ်ကျက် ဆက်လက်ပို့ချ နည်းပြတိုးမြှင့် ဆင့်ဆင့် ပေစာ ကျောက်စာထုလုပ် ကျမ်းစာအုပ်များအထိ တည်ရှိစေကာ နှလုံးအိမ်တွင်လည်း ပြက်ပြက်ထင်ရှား စွဲမှတ်သားခဲ့ကြပါသည် ဘုရား။

မြတ်စွာဘုရားသခင်၏ ဒေသနာတော် အဆုံးအမတရားတော်များကို မှတ်သားလိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက်တော်မူကြ၍ သာသနာ့တာဝန်များကို အစဉ်အဆက် မပျက်မယွင်း ထမ်းဆောင်ခဲ့ကြသူများမှာ သုပ္ပဋိပန် အကျင့်မှန်သည့် သံဃာထေရ်ရှင်တို့ပင် ဖြစ်ပါသည် ဘုရား။ တပည့်သားသံဃာတော်တို့သည် ဘုရားရှင်၏ အဆုံးအမ တရားတော်များကို နှစ်ပေါင်းများစွာ ရှည်မြင့်ကြာအောင် တစိုက်မတ်မတ် လက်ဆင့်ကမ်းသယ်ဆောင်၍ မပျောက်မပျက် တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါသည် ဘုရား။ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းကားတိုးတက်ဆုံးသော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ကျော်မော်လာခဲ့သည်မှာ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို ပညာဉာဏ်ယှဉ်တွဲ ဖွဲ့စိတ်ရှင်သန် ဝီရိယမှန်စွာ ထမ်းဆောင်စောင့်ရှောက်ခဲ့ကြသည့် သံဃာတော်အပေါင်းတို့၏ စင်ကြယ်သန့်ရှင်း စုစည်းညီညွတ်စွာ အားစိုက်ဆောင်ရွက်ကြခြင်းတို့ကြောင့်သာ ဖြစ်ပါသည် ဘုရား။

လိုက်နာကျင့်ဆောင်

သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားစေရန် သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံး၍ သံဃာအချင်းချင်း ကြိုးကြပ်ထိန်းသိမ်းသွားရန်၊ သံဃာတော်များသည် မှရနှစ်ပါးကို ကိုယ်စိတ်ချမ်းသာစွာ ထမ်းဆောင်လျက် သာသနာတော် သုံးရပ်အတွက် ဆောင်ရွက်နိုင်ကြစေရန်၊ သံဃာညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ကြရန် စသော ရည်ရွယ်ချက်များကို အခြေခံလျက်

စာမျက်နှာ ၆ ကော်လံ ၁

20-2 (05).pmd 1 2/20/2010, 2:23 AM

စာမျက်နှာ ၅ မှ

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ၁၉၈၀ ပြည့်နှစ် မေလတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည် ဘုရား။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အခြေခံထားကိုးကားမှီငြမ်းရမည့် "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ" ကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပါသည် ဘုရား။ သံဃာ့အဖွဲ့အစည်းကြီး ကျစ်လျစ်ခိုင်မာစွာ တည်တံ့ရေးအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်သော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖွဲ့စည်းထားသော ကျေးရွာ၊ ရပ်ကွက်အဆင့်မှ နိုင်ငံတော်အဆင့်အထိ သံဃာ့ဝန်ဆောင်၊ သံဃနာယကအဖွဲ့အစည်း အဆင့်ဆင့်တို့သည် အခါအားလျော်စွာ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ စသည်တို့နှင့်အညီ လိုက်နာကျင့်ဆောင်လျက် သာသနာရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်ကြရပါသည် ဘုရား။

ယုံကြည်ထား

ယခုဆိုလျှင် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏ သက်တမ်းသည် ၁၉၈၀ပြည့်နှစ်မှ အနှစ် ၃၀ ရှိခဲ့ပြီဖြစ်ပါသည် ဘုရား။ ယခုနှစ်တွင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက်အရ မြို့နယ်မှ နိုင်ငံတော်အထိ သံဃနာယကအဖွဲ့များသည် ၂၅%(ရာခိုင်နှုန်း) အနားယူခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြသည်ဖြစ်ရာ သံဃနာယကအဖွဲ့ဝင်များသည် အဟောင်းအသစ်ပေါင်းစပ်လျက် အသစ်အသစ်သော အားအင်တို့ဖြင့် စုစည်းညီညွတ်စွာ ဆောင်ရွက်တော်မူကြမည်ဟု ဘုရားတပည့်တော် ယုံကြည်ထားပါသည် ဘုရား။

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား-

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးမှစ၍ ယခုအချိန်အထိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော်မြတ်ကြီး သန့်ရှင်း၊ တည်တံ့ပြန့်ပွားရေးကို ရှေးရှုလျက် "သာသနဿတာဝန် တို့တာဝန်" ဟု ခံယူကာ သုခါ သံဃဿသာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ-အယူသီလ တူမျှသူတို့(သံဃာတော်တို့)၏ ညီညွတ်ခြင်းသည် ချမ်းသာ၏။ ညီညွတ်သောပုဂ္ဂိုလ်တို့၏အကျင့်သည် ချမ်းသာ၏-ဟူသော ဒေသနာတော်အရ ဓမ္မဝိနယနှင့်အညီ သန့်ရှင်းညီညွတ်စွာ ဆောင်ရွက်တော်မူခဲ့ကြပါသည် ဘုရား။

အင်္ဂုတ္တရနိကာယ်၊ နပ္ပိယသုတ်တွင် ရဟန်းသံဃာအချင်းချင်း ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူ ဖြစ်စေသော ကျင့်စဉ်တရားများကို ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဟောမိန့်ကြားထားသည်ကို သိရှိရပါသည် ဘုရား။ ထိုတရားများမှာ-

- အဓိကရဏ်းကို မပြုတတ်ခြင်း၊
- သိက္ခာသုံးပါးကို လိုလားခြင်း၊
- လောဘ အလိုရမ္မက် နည်းပါးခြင်း၊
- အမျက်မထွက်တတ်ခြင်း၊
- သူတစ်ပါးဂုဏ်ကို မချေဖျက်တတ်ခြင်း၊
- မစဉ်းလဲ မကောက်ကျစ်ခြင်း၊ မိမိ၌ မရှိသောဂုဏ်ကို အရှိလုပ်ကာ လွဲမှားစွာ မပြောဆိုတတ်ခြင်း၊
- မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်လိုသည့် မာယာမရှိခြင်း၊
- လောကုတ္တရာတရားတို့ကို ရှုမှတ်ဆင်ခြင် သိမြင်မှုရှိခြင်း၊
- ကမ္မဋ္ဌာန်းဖြင့် တစ်ပါးတည်းကိန်းအောင်းခြင်း၊
- သီတင်းသုံးဖော်တို့ကို အာမိသ,ဓမ္မနှစ်ဌာနဖြင့် ချီးမြှောက်တတ်ခြင်း-

တို့ ဖြစ်ပါသည် ဘုရား။

ဤသို့သော ကျင့်စဉ်တရားများနှင့်အညီ သံဃာ့အဖွဲ့အစည်းများအတွင်း အထက်အောက် လေးစားလိုက်နာ ဆောင်ရွက်နေကြပြီး သာသနာတော်ဆိုင်ရာ အရေးကိစ္စများကို အလေးထားဆောင်ရွက်နေကြသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာ အားလုံးတို့၏ အဓိကမဏ္ဍိုင်ကြီး ဖြစ်နေပါသည်ဘုရား။ ဤမဏ္ဍိုင်ကြီး ခိုင်ကျည်အားရှိ သမာဓိမြဲမြံ ထက်သန်ဝီရိယ၊ ကင်းပအဂတိ၊ ညှိညှိနှိုင်းဆ ဆောင်ရွက်ကြသဖြင့် ဘုရားတပည့်တော်တို့၏ နိုင်ငံတော်ကြီးတွင် သာသနာ့ဂုဏ်ရှိန် ထိန်ထိန်လင်းလက် တိုးတက်စည်ပင်နေမည်သာ ဖြစ်ပါသည် ဘုရား။

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား-

ကျေးဇူးတော်ရှင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် မြတ်စွာဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ပုဂ္ဂိုလ်များအဖြစ် သာသနာ့တာဝန်များကို အားသစ်စုပေါင်း ထပ်လောင်းကြိုးပမ်း ထမ်းဆောင်တော်မူကြသကဲ့သို့ နိုင်ငံတော်အစိုးရအမှူးရှိသော ဒကာပြည်သူတို့ကလည်း ကိုယ်စိတ်နှစ်ပါး အားစွမ်းထားလျက် သာသနာရေးရာလုပ်ငန်းများကို ဆရာနည်းကျ ဩဝါဒတော်များနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည် ဘုရား။ နိုင်ငံတော်က ထုတ်ပြန်ကြေညာထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဏာစက်အကူအညီ အထောက်အပံ့များကို တရားနှင့်လျော်စွာ ပံ့ပိုးပေးလျက်ရှိပါသည် ဘုရား။

ထို့အပြင် ပြည်သူပြည်သား ဒါယကာ ဒါယိကာမများသည် ပစ္စယဓမ္မာ နှစ်ဖြာနုဂ္ဂဟ၊ ကုသလတို့ကို မဆုတ်မနစ်၊ အားသစ်ရွှင်ပျ၊ ပုဗ္ဗမုဋ္ဌ၊ အပရသုံးဖြာ၊ ညီညွတ်စွာဖြင့်၊ ဆရာဒကာ၊ ရှေ့လာနောက်မြဲ၊ အားခဲထမ်းဆောင်ကြမည်သာ ဖြစ်ပါသည် ဘုရား။

ဤသို့အားဖြင့် ရတနာမြတ်သုံးပါးကို ဦးထိပ်ထားလျက် အရိယာနွယ်ဖွား မထေရ်မြတ်ကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို အာရုံပြုလျက် ဆရာဒကာ ညီညာဖြဖြ သာသနာတော်အတွက် ဆောင်ရွက်ကြသော ဒါန သီလ ဘာဝနာ ကုသိုလ် အဖြာဖြာတို့ကြောင့် သာသနာတော်မြတ်ကြီး ဂုဏ်ရှိန်ထွန်းတင့် တိုးမြင့်ပါစေသတည်း၊ နိုင်ငံတော်ကြီးသည် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေသတည်း-ဟူ၍ ဆုတောင်းပတ္ထနာ ပြုအပ်ပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။ ။

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

မြွက်ကြားတော်မူ

အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(ဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ခဲ့သော အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမစျေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသက တင်သွင်းလျှောက်ထားပြီး နံနက်ပိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

ဖတ်ကြားတင်သွင်း

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ခဲ့သော အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာဆရာတော်များက ဖတ်ကြားတင်သွင်းကြပြီး ပထမနေ့ အစည်းအဝေးကို ရပ်နားလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအကြိမ် အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဆက်လက်ကျင်းပရာ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသနက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

လျှောက်ထား

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ တင်ပြလာသော အကြံပြုချက်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သံဝရက ရှင်းလင်းပြန်ကြား လျှောက်ထားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

(သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားချက်များကို သီးခြားဖော်ပြထားပါသည်။)

အကြံပြုဆွေးနွေး

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်နယ်၊ တိုင်းနှင့် သီးခြားဂိုဏ်းများမှ ကိုယ်စားလှယ်ဆရာတော်များက အကြံပြုဆွေးနွေးတော်မူကြပြီး ဒုတိယနေ့ အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား ဦးတင်ဝင်း-ဒေါ်သိန်းသိန်းဦး သမီး ဒေါက်တာသင်းယုအောင် မိသားစု(သုဝဏ္ဏ)က သုံးထပ်ဆွမ်းစားကျောင်းဆောင်ကြီး၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းပေါင်း ၁၈ကျောင်းမှ ကျောင်းသားကျောင်းသူများအား ဘေဘီဗိုက်တာဆေးဝါးထုတ်လုပ်ရေး မိသားစုမှ အာဟာရဒါန ပြုလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ရက်က ပြုလုပ်ရာ အမက(၁၀) Grade 2 အတန်းမှ မရွှေပန်းသီးက ကျောင်းအုပ်ဆရာမကြီး၊ တာဝန်ခံ ဆရာမများနှင့်အတူ နို့ပေါင်မုန့် အာဟာရကျွေးမွေးလှူဒါန်းစဉ်။ (၁၀၃)

ယခုအပတ် News Watch (စောင့်ကြည့်) ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ငါးသိန်းတန် CDMA 800 MHz ဖုန်း နယ်မြေကျော်သုံး၍ရ၊ သဘော်သားလူသစ်များအတွက် Form (ပုံစံ)များကို ဖေဖော်ဝါရီလ ဒုတိယပတ်တွင် စတင်ရောင်းချပေးနေ၊ ဆိုင်ကယ်များ သတ်မှတ်နေရာတွင် ရောင်းဝယ်ခြင်း မပြုလုပ်လျှင် ဥပဒေအရ ပြင်းထန်စွာအရေးယူမည်၊ တရုတ်ကျားနှစ်တွင် မွေးဖွားလိုကြ၍ တရုတ်လူမျိုးများ နံနက်ပိုင်း ခွဲစိတ်မွေးသူ များပြား၊ မြန်မာနိုင်ငံ နက္ခတ်ပညာရှင်များအဖွဲ့မှ နက္ခတ်မှတ်စုစာအုပ်ထွက်မည်၊ ရန်ကုန်မြို့ လူမြင်ကွင်းမှာပင် ညစ်ညမ်းဗီဒီယိုခွေများ ပေါ်ပေါ်တင်တင် ရောင်းချ၊ မီးအာမခံမထားဘဲ မီးလောင်သွားခဲ့တဲ့ သဃ်န်းကျွန်းဈေးကို အဆင့်မြင့် ၃-ထပ်ဈေး တည်ဆောက်တော့မည်၊ မှောင်နှင့်မည်းမည်း တိုးကြောင်ကလေးဘူတာမှ မမြင်မစမ်း ခရီးသည်များ၊ ခုတလော မြန်မာအသံထွက်တွေ ပြောင်းနေပြီလော၊ မှောင်ခိုဆီဆိုင်များနှင့် ပုဂ္ဂလိကဆီဆိုင်များ၏ အခြေအနေ၊ လေးဖက်နာကို ဘယ်လိုကာကွယ်နိုင်သလဲ၊ ဘဝသံသရာသီချင်းရှင် မန္တလေးဦးဘသိန်း၏ဇနီးက မူပိုင်ခွင့်ကိစ္စကို ရှင်းလင်း၊ ယနေ့ ဂျာနယ်ဆရာတွေ စံပြုလောက်တဲ့ သတင်းစာဆရာကြီး ဦးသိမ်းမောင်အကြောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးအန္တရာယ်၊ အနောက်ပိုင်းခရိုင်ယာဉ်လိုင်း ၂၆ လိုင်းလမ်းကြောင်းပြောင်း။

ကိုရီးယားသရုပ်ဆောင် လီမင်ဟိုနှင့် ဆွန်ရင်းကြည်၊ နှစ်ဆယ်ကျော် စကင်ဘမ်၊ အမြင့်ရောက်လေ၊ အချစ်နဲ့ဝေးလေဆိုတဲ့ အဖွဲ့ Lollipop၊ စင်ကာပူနိုင်ငံနှင့် နေထိုင်ခွင့်ပြဿနာ၊ အာဖဂန်တာလီဘန်ခေါင်းဆောင် ဖမ်းဆီးရမိ၊ လူထုထောက်ခံမှု ကျဆင်းလာတဲ့ အိုဘားမား၊ တာလီဘန်များ သူတို့၏စခန်းများကို စွန့်ခွာထွက်ပြေး စသည့်ဖြစ်ကြောင်းစုံစုံ၊ ကမ္ဘာ့ဇာတ်ခုံကို News Watch (စောင့်ကြည့်) အတွဲ ၅၊ အမှတ် ၃၀ တွင် ဝေဝေဆာဆာဖော်ပြထားသည်။ **(သတင်းစဉ်)**

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မင်းရဲကျော်စွာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးပြည်စိုး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဒေါ်မြင့်မြင့်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ် တပေါင်းလဆန်း ၈ ရက် (ဥပုသ်နေ့)

၂၀-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ **အိမ်တွင်းပုန်းများ မကြည့်ရ**
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၀၅ ၅။ Yan Can Cook
၁၂:၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၇၃)
၁၃:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၃:၃၀ ၈။ မွေးကင်းစကလေး ပြုစုစောင့်ရှောက်ရေး (အပိုင်း-၃)
၁၃:၄၀ ၉။ တေးဂီတအစီအစဉ်
၁၄:၀၀ ၁၀။ **ဓမ္မဒီပါမှာထွန်းတဲ့ကျွန်း**
၁၄:၃၅ ၁၁။ အတီးပြိုင်ပွဲ
၁၄:၄၅ ၁၂။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၃၅ ၄။ အဆိုပြိုင်ပွဲ
၄:၄၅ ၅။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သမိုင်းဘာသာရပ်)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀ ၇။ **ချစ်တတ်ကြရအောင်**
၅:၃၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ အလှရာမယ်လှကမ္ဘာ့ဝယ်
၆:၄၀ ၁၂။ ယဉ်တစ်ကိုယ်မယ် **ကောင်းကင်ယံက လင်းလက်ကြယ်** (ခင်ရူပ) (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁၃)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)
၁၆။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(ဧရာဝတီတိုင်း)
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၂)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၈)
၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်

နေပြည်တော် အခြေခံပညာအထက်တန်းကျောင်းများ ဝန်ကြီးဒေါက်တာချမ်းငြိမ်း လှည့်လည် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ယနေ့ နံနက် ၉နာရီတွင် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဒုတိယနှစ်ဝက်ဆုံး စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ဆွေးနွေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် အမှတ်(၆)၊ အမှတ်(၇)၊ အမှတ်(၈)၊ အမှတ်(၉)၊ အမှတ်(၁၀)နှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများအား တွေ့ဆုံပြီး စာမေးပွဲအောင်ချက်မြင့်မားရေး ဆောင်ရွက်ချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စာသင်ခန်းအသီးသီး၌ သင်ကြားသင်ယူနေမှုများနှင့် ဒုတိယနှစ်ဝက်ဆုံး စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာဆိုတော်နေ့ အထိမ်းအမှတ် အုတ်တွင်း၌ စာပေဟောပြောပွဲ ကျင်းပ

အုတ်တွင်း ဖေဖော်ဝါရီ ၁၉

၁၃၇၁ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် (၁၂)ကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ရက် ည ၇နာရီက အုတ်တွင်းမြို့ သ/မ ရတနာခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ချို (ခင်မောင်ချို-ကညွတ်ကွင်း)ကဖတ်ကြားပြီး စာပေဟောပြောပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ သတင်းထောက် ဦးတင်အုံးမောင်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် စာရေးဆရာမယဉ်ယဉ်နု(မန္တလေး)၊ ဆရာ ကျော်ရင်မြင့် **(အပေါ်ပုံ)**နှင့် ဆရာညီစေမင်းတို့က စာပေရေးရာများ ဟောပြောကြသည်။ (၃၁၆)

ဝက်သက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ တန့်ယန်း၌ ဆွေးနွေး

တန့်ယန်း ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ ဝက်သက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ မြို့နယ်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ရက် နံနက် ၁၀နာရီခွဲက မြို့နယ်ဆေးရုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းက တွေ့ဆုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ် ကညွတ်ကွင်း၌ပေးအပ်

ဖြူး ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘခင်နှင့် ဝန်ထမ်းများသည် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ရှိ အသက်ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ပြီးစီးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၀နာရီက ကညွတ်ကွင်းမြို့ အောင်တော်မူခန်းမ၌ ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲတွင် တောင်ငူခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်၊ ဖြူးမြို့နယ်ဦးစီးဌာနမှူး ဦးဘခင်နှင့် ကညွတ်ကွင်းမြို့ ကွင်းအရှေ့ရပ်ကွက်အဖွဲ့ဝင်များ တက်ရောက်ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၅၃ ကတ်ကို ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်က အဖွဲ့ဝင်တစ်ဦးသို့ ပေးအပ်သည်။ **(အပေါ်ပုံ)** (၀၅၁)

ခြင်ဆေးစွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်-

ဆုရရှိသူများ

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မောင်ကောင်းဖေယျ(ဘ) ဦးဖေယျ အထက ကျောက်တံတား ရန်ကုန်တိုင်းက ပထမ၊ မောင်ကျော်ခိုင်ထက်(ဘ) ဦးမောင်မောင် အထက (၆) ပုသိမ် ဧရာဝတီတိုင်းက ဒုတိယ၊ မနန်းခမ်းထွေး(ဘ) ဦးရှဲန်စိန် အထက(၂၃) ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းက တတိယ၊ အင်္ဂလိပ်စာ ဘာသာရပ်တွင် မထူးမွန်ခိုင်(ဘ) ဦးထွန်းလင်း ပြင်ပဖြေ မိုးညှင်း ကချင်ပြည်နယ်က ပထမ၊ မချစ်ချစ်ဆောင်းဦး(ဘ) ဦးအုန်းမြင့်ဦး အထက (၁) မြစ်ကြီးနား ကချင်ပြည်နယ်က ဒုတိယ၊ မထိုက်နန္ဒာပိုင်(ဘ) ဦးဇော်ဝင်း အထက(၁) မိုးညှင်း ကချင်ပြည်နယ်က တတိယ၊ သင်္ချာဘာသာရပ်တွင် မမြတ်ဆုစံ(ဘ) ဦးအုန်းလွင် အထက(၁)ဒဂုံ ရန်ကုန်တိုင်းက ပထမ၊ မဆွေဇင်လင်း(ဘ) ဦးထိန်လင်း၊ အထက (၁၈) အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းက ဒုတိယ၊ မဆုမြတ်ရတနာလွင်(ဘ) ဦးစိုးလွင် အထက(၂) လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းက တတိယ၊ ရူပဗေဒဘာသာရပ်တွင် မထွဋ်မြတ်နိုးအောင်(ဘ) ဦးကိုကိုအောင် အထက (၂) စမ်းချောင်း ရန်ကုန်တိုင်းက ပထမ၊ ဓာတုဗေဒဘာသာရပ်တွင် မထွဋ်မြတ်နိုးအောင်(ဘ) ဦးကိုကိုအောင် အထက(၂)စမ်းချောင်း ရန်ကုန်တိုင်းက ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မထွဋ်မြတ်နိုးအောင်(ဘ) ဦးကိုကိုအောင် အထက(၂) စမ်းချောင်း ရန်ကုန်တိုင်းက ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မနှင်းယုခိုင်(ဘ) ဦးသိန်းထွန်း အထက(၂) သထုံ မွန်ပြည်နယ်က ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် မဧကရီစိုး(ဘ) ဦးခွေးမောင် ပြင်ပဖြေ ဂန့်ဂေါ မကွေးတိုင်းက ပထမ၊ သမိုင်းဘာသာရပ်တွင် မောင်ဇော်ရဲအောင် (ဘ)ဦးမြင့်စိုး အင်ပင်အထက မြန်အောင် ဧရာဝတီတိုင်းက ပထမ အသီးသီးရရှိကြသည်။

ပခုက္ကူ ဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်နေကြသူများမှာ မတင်ဇာနိုင်(ဘ)ဦးကြည်နိုင် ပဲခူးဒီဂရီကောလိပ်၊ မသင်းလဲ့စံ(ဘ) ဦးဝင်းမြင့်ထွန်း ရတနာပုံတက္ကသိုလ်၊ မောင်သီဟအောင် (ဘ) ဦးနိုင်ဝင်း ရွှေဘိုဒီဂရီကောလိပ်၊ မခင်မိုးအေး(ဘ) ဦးလှမင်း ကလေးတက္ကသိုလ်တို့ ဖြစ်ကြသည်။

နှိုးဆော်ထား

ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ အမှတ်(၄၀) နတ်မောက်လမ်းရှိ Chatrium Hotel ၏ Grand Ballroom ခန်းမဆောင်၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် တပေါင်းတည်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ အစမ်းလေ့ကျင့်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် (စနေနေ့)မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်ခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဆုရကြသူများအားလုံး မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုရရှိကြသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသန့် ဖုန်း-၀၆၇-၄၀၇၂၇၂၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှ ဖုန်း-၀၁-၅၄၈၅၄၀တို့သို့ အမြန်ဆုံး ဆက်သွယ် သတင်းပို့ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ်လိုတိုရှင်း သတင်းများ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မင်းတပ်ကျေးရွာ စာကြည့်တိုက်များသို့ ပရိဘောဂလှူဒါန်း

မင်းတပ်ခရိုင်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်၊စာစောင်၊ ငွေပဒေသာပင်နှင့် မီဒီယာပစ္စည်းများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးတင်ရီက မင်းတပ်ခရိုင်အတွင်း၌ ဖွင့်လှစ်ပြီး ခိုင်မာရန်လိုအပ်သော စာကြည့်တိုက်များ၏ အခြေအနေများကို ရှင်းလင်း ပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ရပ်စောက်၌ ချစ်ကြည်ရေးလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြို့ပြလမ်း ချစ်ကြည်ရေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၉ နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူးဇော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

တွန်းဇုန်၌ စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်

ဖလမ်းခရိုင် တွန်းဇုန်မြို့နယ် မှာလ်ပီးကျေးရွာ မှာလ်ပီးစာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်ပွဲကို ဇန်နဝါရီ ၃၀ရက်က အဆိုပါ စာကြည့်တိုက်မြေနေရာ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးရာဇာအေး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတွာလ်ဆွင်းဖန်နှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဒိုင်ကိဆွင်းတို့က ပန္နက်ရိုက်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ပညာရေးစုံညီပွဲ ဝိုင်းမော်အထက၌ ကျင်းပ

၂၀၀၉-၂၀၁၀ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း ဝိုင်းမော်မြို့နယ်၏ ပညာရေးစုံညီပွဲကို ဇန်နဝါရီ ၁၄ရက်က ကျင်းပရာ အထက ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်၍ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးလှညွန့်က အမှာစကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘားအံ၌ ကျေးရွာရေပေးရေး ဆောင်ရွက်

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော ဘားအံမြို့နယ် ရဲသာကျေးရွာအုပ်စုရှိ ကမော့ကစင်ကျေးရွာ၌ တူးဖော်ပြီးစီးသော ၁လက်မခွဲတွင်းတိမ်ကို လက်တွေ့အသုံးပြုနိုင်မှုကို ဇန်နဝါရီ ၁၀ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးတင်အောင်ငွေက ရှင်းလင်းပြသသည်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ စံ(၅)ချက်ညီရေး မိုးမောက်၌ဆွေးနွေး

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ ကိုယ်ပိုင်မြေ၊ အဆောက်အအုံရရှိရေး၊ စာငှားကတ်စနစ်ခိုင်မာရေး၊ စာအုပ်စာစောင်တိုးပွားရေးတို့အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၂ရက်က နှင်းအီကျေးရွာနှင့် မန်နောင်ကျေးရွာများသို့သွားရောက်၍ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာရေးစုံညီပွဲတော် ခန္တီး ကင်းတော်ကျေးရွာ၌ကျင်းပ

စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် ကင်းတော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဇန်နဝါရီ ၁၇ရက် နံနက် ၁၀နာရီက ပညာရေးစုံညီပွဲတော်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနုက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

မူဆယ်၌ ပန်လုံကွက်သစ်လမ်းသွယ် ကတ္တရာခင်း

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်း ပန်လုံကွက်သစ်လမ်းသွယ် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၆ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ဟန်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းက ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

သရက်၌ ပွင့်သစ်စာကြည့်တိုက် အဆောက်အအုံဖွင့်

သရက်မြို့ ပိဿလိမ်းအုပ်စု သဲဖြူကျေးရွာ ပွင့်သစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖြိုးဝေလင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေ၊ အုပ်စုဥက္ကဋ္ဌ ဦးဝင်းမောင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ဗန်းမော်၌ စာဖတ်ရှိန်မြင့်မားရေး ကွင်းဆင်းဆွေးနွေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေသည် ဖေဖော်ဝါရီ၆ရက် ည ၇နာရီက ဗန်းမော်ခရိုင်သို့ရောက်ရှိပြီး ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ ခရိုင်နှင့်ခရိုင်အတွင်းရှိ မြို့နယ်ရုံးများမှ ဦးစီးမှူးများ၊ စာကြည့်တိုက်တာဝန်ခံများနှင့်တွေ့ဆုံ၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီအောင် ဆောင်ရွက်ရေးနှင့် စာဖတ်ရှိန်မြင့်မားရေးတို့ကို ဆွေးနွေးမှာကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ငွေချည်(၆)ဝါ၊ မြန်မာ့ရိုးရာ စည်းလုံချည်၊ မြေပဲအထူးဇုန်တို့ဖြင့် အလှဝေဖြာ တိုးလာသော ပဲခူးတိုင်းအနောက် မြို့ရွှေတောင်

သတင်းခရီးသည်–မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း–မျိုးမင်းသိန်း(မရမ်းကုန်း) ➤ စာမျက်နှာဖွဲ့စည်းမှု–မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာ့ရိုးရာ စည်းလုံချည်များ သမိုင်းချီ၍ ဖြစ်ထွန်းခဲ့ရာမြို့····။ မြေပဲအထူးဇုန် သတ်မှတ်၍ စိုက်ပျိုးနေသောမြို့နယ်····။ ဤမြို့၊ ဤဌာနေ၊ ဤဒေသသည်ကား ပဲခူးတိုင်း(အနောက်ပိုင်း)ဆီက ရွှေတောင်မြို့ပင်ဖြစ်၏။ ရွှေတောင်မြို့သည် အရှေ့ဘက်တွင် သဲကုန်း၊ အနောက်ဘက်၌ ပန်းတောင်း၊ တောင်ဘက်တွင် မိုးညိုနှင့် နတ်တလင်းစသော မြို့နယ်များက ဝိုင်းရံလျက်ရှိသည်။ ဤမြို့သည် ပြည်မြို့တောင်ဘက် ရှစ်မိုင်အကွာ ရန်ကုန်-ပြည် လမ်းမကြီးဘေး၌ တည်ရှိပြီး စခန်းသာသောမြို့တစ်မြို့ဖြစ်သည်။

တည်ရှိ

ထိုမြို့သည် နာမည်ကြီး တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေနတ်တောင်စေတီနှင့် ရွှေမျက်မှန်ဘုရားကြီး တည်ရှိရာမြို့လည်း ဖြစ်သည်။

"ရွှေတောင်မြို့နယ်မှာ မြေပဲအထူးဇုန် သတ်မှတ်ပြီး စိုက်ပျိုးနေပါတယ်"
ဦးမြင့်လွင်(ဥက္ကဋ္ဌ)
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

ရွှေနတ်တောင်စေတီမှာ ရွှေတောင်မြို့၏ အနောက်တောင်ဘက် လေးမိုင်အကွာတွင် တည်ရှိသည်။ ယခုအခါ ရွှေတောင်မြို့နယ်စည်ပင်မှ ရွှေတောင်စေတီတော်သွားလမ်းမကြီးကို ထပ်ပိုး ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ယင်းလမ်းမကြီးမှာ အရှည်လေးမိုင်ကျော်ရှိသည်။ လမ်းမကြီးကို ပြုပြင်ပေးလိုက်သဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ တောင်သူများအတွက် စိုက်ပျိုးရေး ကုန်ထုတ်လမ်းအဖြစ် တိုးတက်ပြောင်းလဲလာသကဲ့သို့ ဘုရားဖူးခရီးသွား ပြည်သူများမှာလည်း သက်သောင့်သက်သာ သွားလာနိုင်ပေပြီ။ အနီးဝန်းကျင်ကျေးရွာများမှ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီတို့ဖြင့် ဥဒဟို သွားလာနေသော မြင်ကွင်းသည်ကား ကျေးလက်ဒေသနေ ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာလျက်ရှိသည်ကို သက်သေပြပေသည်။

တန်ခိုးကြီး ရွှေမျက်မှန်ဘုရားကြီးသည် ရွှေတောင်မြို့လယ်၌ တည်ရှိသည်။ ရန်ကုန်-ပြည် လမ်းမကြီးမှ ရွှေတောင်မြို့အတွင်း တစ်ဖာလုံမျှ ဝင်လိုက်သည်နှင့် ရွှေမျက်မှန်ဘုရားကြီးကို ဖူးတွေ့နိုင်သည်။

ရွှေတောင် ချည်မျှင်အထည်နှင့် အရောကိုင်စက်ရုံ

ရွှေတောင်မြို့နယ်သည် ငွေချည်(၆) ဝါစိုက်ပျိုးမှု တိုးတက်အောင်မြင်နေသော မြို့နယ်ဖြစ်သည့်အလျောက် ရွှေတောင်ချည်မျှင်နှင့် အထည်အရောကိုင်စက်ရုံကြီးမှာလည်း ဒေသ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရာ စက်ရုံကြီး တစ်ရုံအဖြစ်တွေ့ရသည်။ ယင်းစက်ရုံကြီးတွင် အမျိုးသား၊ အမျိုးသမီး စက်ရုံဝန်ထမ်း ၂၀၀၀ ကျော်တို့ဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲခြားကာ စက်ရုံလည်ပတ်လျက်ရှိကြောင်း သိရသည်။ ရွှေတောင်တက်ထရွန်၊ ရွှေတောင်ပိတ်စတို့မှာ မြန်မာနိုင်ငံမှ ထွက်ရှိသော အရည်အသွေးအကောင်းဆုံးနှင့် လူကြိုက်အများဆုံး ပိတ်စများဖြစ်သည်။ ထို့အပြင် ရွှေတောင်မြို့သည်

ရွှေတောင်မြို့နယ် ကြီးသဲကျေးရွာရှိ အော်တိုအိတ်ချိန်းရုံး အဆောက်အအုံ····။ (မြန်မာ့အလင်း)

ရွှေတောင်ပုဆိုးနှင့် မြန်မာ့ရိုးရာ စည်းလုံချည်များထွက်ရှိရာ ဒေသဖြစ်၍ လူသိများလှသည်။ မြန်မာ့ရိုးရာ စည်းလုံချည်ကို ရွှေတောင်မြို့ အနောက်တောင်ဘက် ၁၀မိုင်အကွာ ကြီးသဲကျေးရွာမှ ထုတ်လုပ်နေခြင်းဖြစ်သည်။ ကြီးသဲကျေးရွာတွင် တစ်ချိန်က တစ်ရွာလုံးနီးပါး စည်းလုံချည်ရက်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်ဟုဆို၏။ ယခုအခါ စည်းလုံချည်ထုတ်လုပ်မှုကို ရိုးရာလက်ရက်ကန်းပညာရှင် ဦးသိန်းမြင့်မိသားစုနှင့် ငါးဦးခန့်ကသာ ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ကြောင်း သိရသည်။

ကြီးသဲကျေးရွာသည် သာသနာပြုကျမ်းပြုအကျော် ကြီးသဲလေးထပ်ဆရာတော်ကြီး၏ ဇာတိမြို့လည်းဖြစ်ပေသည်။ ယခုအခါ ကြီးသဲလေးထပ်ဆရာတော်ကြီး၏ နှစ်ထပ်ကျောင်းဆောင်ကြီး ယင်းရွာအနီး ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်လျက်ရှိသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် ကုသိုလ်တော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရွှေတောင်မြို့နယ် ကြီးသဲကျေးရွာအနီး မြေပဲအထူးဇုန်အဖြစ် သတ်မှတ်စိုက်ပျိုးထားမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တိုးတက်မှု

ရွှေတောင်မြို့နယ်သည် တပ်မတော်အစိုးရလက်ထက် သိသိသာသာ တိုးတက်ပြောင်းလဲလာသော မြို့နယ်ဖြစ်သည်။ မြို့တွင်းလမ်း ၈၀ ရာခိုင်နှုန်းမှာ ကတ္တရာလမ်းများအဖြစ် တွေ့ရသည်။ နေအိမ်တိုက်တာများနှင့် ဟိုတယ်၊ စတိုးဆိုင်များ ပိုမိုများပြားလာသည်။ ပညာရေး၊ ကျန်းမာရေး၊ ဆယ်သွယ်ရေး အာဘက်ဘက်မှ တိုးတက်လာသည်။

ဆက်သွယ်ပြောဆိုနိုင်

"ကျွန်တော်တို့ ရွှေတောင်မြို့နယ်ကို မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာ ၂၉၇ရွာတို့နဲ့ ဖွဲ့စည်းထားပါတယ်။ မြို့ပေါ်မှာ ခုတင်(၂၅)လုံးဆံ့ဆေးရုံနဲ့ အခြားကျေးရွာ အုပ်စု နှစ်စုမှာ တိုက်နယ်ဆေးရုံနှစ်ရုံ ရှိပါတယ်။ ဒါ့အပြင် တစ်ချိန်ကမရှိခဲ့တဲ့ ဂျီအက်စ်အမ်တယ်လီဖုန်း၊ အော်တိုအိတ်ချိန်းဖုန်းတို့ကိုလည်း ဆက်သွယ်ပြောဆိုနိုင်ပါပြီ။ ပညာရေးအနေနဲ့ မြို့ပေါ်မှာ အထက်တန်းကျောင်း တစ်ကျောင်း၊ ကြီးသဲမှာ အထက်တန်းကျောင်း တစ်ကျောင်းရှိပြီး အခြားအထက်တန်းကျောင်းခွဲ လေးကျောင်း၊ တွဲဖက်အထက်တန်းကျောင်း နှစ်ကျောင်း ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက် ၃၄ဒသမ ၄ရာခိုင်နှုန်းရှိပါတယ်"ဟု ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြေပဲအထူးဇုန်

ရွှေတောင်မြို့နယ်၏ ထူးခြားသော စိုက်ပျိုးရေးအဖြစ် မြေပဲအထူးဇုန်သတ်မှတ်၍ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း)၌ ဆီထွက်သီးနှံ အများဆုံးစိုက်ပျိုးနိုင်သော မြို့နယ်လည်း ဖြစ်သည်။ ယင်းမြို့နယ်၏ ဧရာဝတီမြစ်တစ်လျှောက် မြေနုကျွန်းများပေါ်တွင် မြေပဲစိုက်ပျိုးမှုမှာ အထူးအောင်မြင်လျက်ရှိသည်။ နွားခြံကုန်းကျေးရွာအုပ်စုနှင့် ကြီးသဲကျေးရွာအုပ်စုတို့တွင် မြေပဲအများဆုံး စိုက်ပျိုးကြသည်။

ရွှေတောင်မြို့အနီး သာယာလှပသော လ…
ကို ဤသို့ တွေ့ရသည်။

"ကျွန်တော်တို့ ရွှေတောင်မြို့နယ်မှာ မိုးမြေပဲ ၅၉၁၃၃ဧက စိုက်ပျိုးခဲ့ပြီး ဆောင်းမြေပဲကို ၁၄၂၂၉ဧက လျာထားစိုက်ပျိုးနေပါတယ်။ တစ်ဧကတင်း ၇၀ ဝန်းကျင်ထွက်ရှိပါတယ်။ ဒါ့အပြင် နှမ်းနဲ့နေကြာကိုလည်း အထူးဇုန်သတ်မှတ်စိုက်ပျိုးနေတာကြောင့် ဆီထွက်သီးနှံဇုန်အဖြစ်ရပ်တည်လျက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရွှေတောင်မြို့နယ်…
သော စိုက်ပျိုးရေးအဖြစ်…
ဇုန်သတ်မှတ်၍ စိုက်…
ပဲခူးတိုင်း(အနောက်ပိုင်း…
သီးနှံ အများဆုံး စိုက်…
မြို့နယ်လည်းဖြစ်။ မြို့…
ဝတီမြစ်တစ်လျှောက် မြေ…
ပေါ်တွင် မြေပဲစိုက်ပျိုး…
အောင်မြင်လျက်ရှိကာ …
ကျေးရွာအုပ်စုနှင့် ကြီ…
အုပ်စုတို့တွင် မြေပဲ …
စိုက်ပျိုး။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အဘိဓမ္မာထပိဋကအကြောင်းပြု** တရားတော် ဘဒ္ဒန္တကုဿလဝံသ (ထူးကြီးဆရာတော်)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ပန်းချီပြခန်း (ဟသ်ာတသား) (Art Exhibition)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၇)
- ၈:၃၀ Sports World (Snow Boad)
- ၈:၄၅ ဆေး(၁)(၁၉၆၅ Intake) ရန်ကုန်၏အာစရိယပူဇော်ပွဲ
- ၉:၀၅ Activities in the City (စာရေးဆရာအတ္တကျော်၏ စာအုပ်မိတ်ဆက်ပွဲ)
- ၉:၁၅ ဓမ္မဒူတဓောရသာသနာ့ရိပ်သာ ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာ
- ၉:၃၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၂၀ သီးနှံစိုက်ပျိုးအထွက်တိုး **စပါးပေါင်းပင်**
- ၁၀:၂၅ ပဒုမ္မာကြာနွယ်ရိုးမှသည်····
- ၁၀:၅၀ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
- ၁၁:၀၀ မိဆောင်းတံတား (ချင်းပြည်နယ်)
- ၁၁:၁၀ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်····
- ၁၁:၂၅ ဆေး (၁)(၁၉၆၅ Intake) ရန်ကုန်၏အာစရိယပူဇော်ပွဲ
- ၁၁:၄၅ Vancouver 2010 Olympic Winter Games
- ၁၂:၄၅ ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
- ၁:၀၀ **အဘိဓမ္မာထပိဋကအကြောင်းပြု** တရားတော် ဘဒ္ဒန္တကုဿလဝံသ (ထူးကြီးဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival Yuzana Bridal Show(1)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၇)
- ၄:၁၀ **မီးမီးရဲ့ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း ဒါရိုက်တာ–အောင်မိုး(ပဲရစ်)
- ၄:၂၅ ဓမ္မဒူတဓောရသာသနာ့ရိပ်သာ ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာ
- ၄:၄၅ Activities in the City (စာရေးဆရာအတ္တကျော်၏ စာအုပ် မိတ်ဆက်ပွဲ)
- ၅:၀၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး(အပိုင်း-၁) ပါမောက္ခ ဒေါက်တာ ချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ်စားမယ် (LEO Fusion Restaurant)
- ၆:၄၅ Shooting Making (မြေကြီးအောက်ကကောင်းကင် ဇာတ်ကားရိုက်ကွင်း)
- ၇:၀၅ Fashion Music Festival Yuzana Bridal Show(1)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (မျိုးကျော့မြိုင်၊ မေခလာ၊ ဆောင်းဦးလှိုင်၊ ဖြိုးကြီး Live Show)
- ၉:၀၅ သွားမယ်စားမယ် (LEO Fusion Restaurant)
- ၉:၂၅ Barclays Premier League (Wolverhampton Vs Chelsea)
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၇)
- ၁၁:၅၅ Barclays Premier League (Portsmouth Vs Stoke City)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Everton-Man Utd	ESPN(Live)
၉:၂၅	Arsenal-Sunderland	ESPN(Live)
	Wolverhampton -Chelsea	Star Sports (Live)
၁၁:၅၅	Portsmouth - Stoke City	Star Sports (Live)

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၇ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ဟားခါးမြို့တွင် ၀ဒသမ ၂၈လက်မ ဖြစ်သည်။

ရွှေတောင်မြို့နယ်၏ ထူးခြားသော စိုက်ပျိုးရေးအဖြစ် မြေပဲအထူးဇုန်သတ်မှတ်၍ စိုက်ပျိုးလျက်ရှိ။ ပဲခူးတိုင်း(အနောက်ပိုင်း)၌ ဆီထွက်သီးနှံ အများဆုံး စိုက်ပျိုးနိုင်သောမြို့နယ်လည်းဖြစ်။ မြို့နယ်၏ ဧရာဝတီမြစ်တစ်လျှောက် မြေနုကျွန်းများပေါ်တွင် မြေပဲစိုက်ပျိုးမှုမှာ အထူးအောင်မြင်လျက်ရှိကာ နွားခြံကုန်းကျေးရွာအုပ်စုနှင့် ကျီးသဲကျေးရွာအုပ်စုတို့တွင် မြေပဲ အများဆုံးစိုက်ပျိုး။

ရွှေတောင်မြို့အနီး သာယာလှပသော လမ်းမကြီးနှင့် ဆိုင်းဘုတ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

"ကျွန်တော်တို့ ရွှေတောင်မြို့နယ်မှာ မိုးမြေပဲ ၅၉၁၃ဧက စိုက်ပျိုးခဲ့ပြီး ဆောင်းမြေပဲကို ၁၄၂၂၉ဧက လျာထား စိုက်ပျိုးနေပါတယ်။ တစ်ဧကတင်း ၇၀ ဝန်းကျင်ထွက်ရှိပါတယ်။ ဒါ့အပြင် နှမ်းနဲ့ နေကြာကိုလည်း အထူးဇုန်သတ်မှတ် စိုက်ပျိုးနေတာကြောင့် ဆီထွက်သီးနှံဇုန်အဖြစ်ရပ်တည်လျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြေပဲ အထူးဇုန်

သို့ပါ၍ ရွှေတောင်မြို့နယ်သည် မြန်မာ့ရိုးရာ ချည်ထည်များထွက်ရှိရာ ဒေသအဖြစ်လည်းကောင်း၊ မြေပဲ အထူးဇုန်ဒေသအဖြစ်လည်းကောင်း ရပ်တည်လျက် တိုးတက်ပြောင်းလဲလာသော မြို့နယ်တစ်မြို့နယ်ဖြစ်ပါ ကြောင်း ကွင်းဆင်းလေ့လာတင်ပြ လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ မီးသတ်အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရေ၊ မြေ၊ သယံဇာတများကို အသုံးပြုပြီး စားသောက်ကုန်များ ဖူလုံပိုလျှံအောင် ဆောင်ရွက်

ထုတ်ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေး ကြိုးစားလုပ်ကိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၇ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ကျင်းပသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ မီးသတ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက မီးသတ်အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် မြို့မိမြို့ဖတစ်ဦးတို့က မီးသတ် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မီးသတ်ယာဉ်များနှင့် မီးသတ် အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြား၍ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းတုံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

တိုးပွားအောင်ဆောင်ရွက်

ထို့နောက် မိုင်းပန်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး မြို့နယ်အတွက် အားကစားပစ္စည်းများနှင့် အဝတ်အထည်များကို ပေးအပ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို အခြေခံပြီး ကုန်ထုတ်လုပ်မှုများ တိုးပွားအောင် ဆောင်ရွက်ကြရန် မှာကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဟိုမိန်းမြို့သို့ ရောက်ရှိပြီး တပ်နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦးက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်က လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးပေးဝေမှု အခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တိုးချဲ့ထုတ်လုပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ရေ၊ မြေ၊ သယံဇာတများကို အသုံးပြုပြီး စားသောက်ကုန်များ ဖူလုံပိုလျှံအောင် ဆောင်ရွက်ကြရန်နှင့် ထုတ်ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားကာ မြို့နယ်အတွက် ဆေးဝါးပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် စားသောက်ကုန်များကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ကယားပြည်နယ် ဘောလခဲမြို့သို့ ရောက်ရှိပြီး ဘုရင့်နောင်ခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို မှာကြားကာ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်အတွက် စားသောက်ကုန်များနှင့် အားကစားပစ္စည်းများကို ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှု

ဆက်လက်၍ ဘောလခဲမြို့ တိုးချဲ့ဆေးရုံ ခုတင်(၅၀) ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဘောလခဲမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဘောလခဲတပ်နယ် ဆင်ဖြူရှင်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံ၍ တပ်နယ်အတွက် စားသောက်ကုန်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

** ရှေ့ဖုံးမှ*

ပခုက္ကူ-ကျွန်းချောင်း

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည့် ပခုက္ကူ-ကျွန်းချောင်းရထားလမ်းပိုင်းကို ၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၁ရက်က အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့သည်။

သွားလာနိုင်

ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းကို ၂၀၀၇ခုနှစ် ဧပြီ ၁ရက်မှ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အရှည် ၂၇မိုင်ရှိသည်။ အဆိုပါ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကြီးပြီးစီးပါက ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ၊ မုံရွာ၊ ရွှေဘိုနှင့် မြစ်ကြီးနားအထိ ရထားဖြင့် စီးနင်းသွားလာနိုင်တော့မည်ဖြစ်သည်။

အထောက်အကူပြု

ကြံခင်း-ပခုက္ကူရထားလမ်းသည် ပုသိမ်-ကြံခင်းရထားလမ်း၊ ပခုက္ကူ-ကလေး ရထားလမ်းတို့နှင့် ဆက်စပ်သွားကာ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ယခင်ကာလက လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဒေသများအကြား ရထားဖြင့် တစ်ဆက်တည်း သွားလာနိုင်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလျက် ရှိပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

နေပြည်တော်မြန်မာ့အသံ
ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၂၁-၂-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် (မေတ္တာသုတ်+ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း+ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင် ကဗျာ့အမြင် (ကျန်စစ်မင်း၏မျက်ရည်)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ခြေဖနောင့်နာခြင်း)
၁၀း၄၀	တေးစီးရီး (သူ့ခေတ်ကိုယ့်ခေတ်အဖွဲ့)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင်တေးသံစဉ်(၇၁)
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ်- ကလေးများအတွက် ပုံပြင် (မိတ်စစ်ဆွေစစ်ပုံပြင်)
၁၂း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (သီရိဂေဟာဖြစ်ကြစေဖို့) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ မနားရသော သမားတစ်ဦး၏ ဘဝခရီး-ကမ္ဘောဇခင်လှိုင် ၂။ သားအတွက် စကား လက်ဆောင်-ကောင်းသန့်
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	သိလိုသမျှမေး ကျန်းမာရေး
၁၃း၂၀	တေးပဒေသာ
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (သချာ်)
၁၇း၀၀	မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွှေးသီ တေးပန်းချီ
၁၈း၃၀	သုတစုံကြွယ်သိစေဖွယ် ကမ္ဘာ့ထူးခြားမှတ်တမ်းများ (အပိုင်း-၅)
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	Talk on Line (သူရလင်း) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ယုဇန)၊ စီးပွားရေးဦးတည်ချက်
၂၀း၄၀	လယ်ယာစီးပွား (လိမ္မော်စိုက်ပျိုးရေးအကြောင်း)
၂၀း၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀	ရင်တွင်းခံစားတေးသီချင်းများ (စုဝင့်ရည်)
၂၁း၁၅	ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၃၀	ခေတ်မရွေးသောတေး

ဖေဖော်ဝါရီ ၁၂ရက်က အမက (၂၂)တာမွေတွင် ပညာရည်ချွန်ဆုနှင့် ဘက်စုံဆုပေးပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအဆင့် ဘက်စုံထူးချွန် ပထမဆုရရှိသော သူငယ်တန်းမှ မောင်ဖုန်းသန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

...တွင် အများအားဖြင့်သာယာမည်

...တော် ဖေဖော်ဝါရီ ၁၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၀ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဖေဖော်ဝါရီလ နောက်ဆုံးရက်သတ္တပတ် ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

❍ ကျောဖုံးမှ

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လှိုင်သာယာ-ဒလ-တွံတေးလမ်း မိုင်တိုင်အမှတ် (၇/၀) နှင့် (၇/၁) အကြား၌ အောက်ခံကျောက်ခင်းခြင်း၊ မိုင်တိုင်အမှတ် (၈/၁) နှင့် (၈/၂)အကြား၌ ကတ္တရာရေပိတ်လွှာလောင်းခြင်းနှင့် တွံတေးတံတားအနီး မိုင်တိုင်အမှတ် (၉/၂)၌ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့က တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာချင်းဆက်သွယ်သည့် မြေသားလမ်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့မှတစ်ဆင့် ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာ သုတဗျူဟာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ညပိုင်းပါဖွင့်လှစ်နိုင်ရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေများနှင့် သွပ်တို့ကိုလည်းကောင်း၊ တိုင်းမှူးက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် စာကြည့်တိုက်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လည်းကောင်း စာကြည့်တိုက်ဆောက်လုပ်ရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌထံ ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် ဒေသခံပြည်သူများ စာပေဗဟုသုတရရှိရေးအတွက် စာကြည့်တိုက်ကို နေ့ပိုင်းတွင်သာမက ညပိုင်းတွင်ပါဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များကို တင်ပြသည်။ ယင်းနောက် တိုင်းမှူးက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် မီးသတ်ဝတ်စုံများကို ကော့မှူးမြို့နယ် မီးသတ်ဦးစီးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ကော့မှူး-ထမ္ဗနိုင်လမ်း မကြီးကန်းရပ်ကွက် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က လိုအပ်သည်များကို မှာကြားကာ နွေစပါးခင်း မြေသြဇာကြဲပက်ခြင်းနှင့် ပေါင်းလိုက်ကိရိယာဖြင့် စပေါင်း ပေါင်းလိုက်တမန်းနှိုး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့မှတစ်ဆင့် ထမ္ဗနိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ကျောင်းအဝင် ချောင်းကူးတံတားကြွခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တံတားအသစ်ကို မိုးမကျမီ ပြန်လည်တည်ဆောက်ပေးရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ကော့မှူးမြို့နယ် ဝါးဘလောက်သောက်စံပြကျေးရွာ ရွာလယ်မှော်ရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကော့မှူးမြို့နယ် ဘို့ဒင်လမ်းဆုံရှိ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်း လုပ်ငန်းခွင်ရုံးသို့ ရောက်ရှိကြရာ ခရိုင်အင်ဂျင်နီယာမှူးက လမ်းပြုပြင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာရှိ Cyclone Shelter နှင့်သက်ကယ်ကုန်းမြင့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိကြရာ စီမံကိန်းအင်ဂျင်နီယာက Cyclone Shelter နှင့် သက်ကယ်ကုန်းမြင့် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက သတ်မှတ်ချိန်အတွင်း ပြီးစီးရေး မှာကြားကာ Cyclone Shelter လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သက်ကယ်ကုန်းမြင့် တည်ဆောက်ရန်အတွက် တာပေါင်မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လက်ခုပ်ကုန်း တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးဝါးကုသမှု ခံယူနေကြသူများအား စားသောက်ဖွယ်ရာများပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် တောင်ဘက်ပိုင်းရှိ တောင်သူတစ်ဦး၏ လယ်မြေသို့ရောက်ရှိကြပြီး ဆန်စပါးနမူနာပြသထားမှုကို ကြည့်ရှုစစ်ဆေးကာ နွေစပါးစုပေါင်းမြေသြဇာကြဲပက်မှုကို ကြည့်ရှုအားပေးသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ကွမ်းခြံကုန်းမြို့အဝင် ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းအင်ဂျင်နီယာမှူးကြီးက ကွန်ကရစ်တံတားတည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးညာဏ်ဝင်းခေါင်းဆောင်သောအဖွဲ့ နီပေါနိုင်ငံမှ ပြန်လည်ရောက်ရှိ မြန်မာ-နီပေါဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စဆုဂျာတာကွေရားလာ၏ ဖိတ်ကြားချက်အရ နီပေါနိုင်ငံသို့ ဖေဖော်ဝါရီ ၁၅ရက်မှ ၁၈ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

ဝန်ကြီး ဦးညာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီး မစ္စဆုဂျာတာကွေရားလာ ဦးဆောင်သော နီပေါကိုယ်စားလှယ်အဖွဲ့တို့သည် ဖေဖော်ဝါရီ ၁၅ရက် ညနေ ၆နာရီတွင် ခတ္တမန္ဒူမြို့ Yak and Yeti Hotel အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ **(ယာပုံ)**

ဆွေးနွေးခဲ့

ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် မြန်မာ-နီပေါနှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ကျင်းပရေး၊ နှစ်နိုင်ငံအကြား ဘာသာရေးခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးစသည့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက Yak and Yeti Hotel ဒိုင်နက်စတီခန်းမ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးဦးညာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းတွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသက်ဦး လိုက်ပါလျက် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ မာဒက်ဖ်ကူးမားနီပါးလ်အား ဝန်ကြီးချုပ်အိမ်တော်၌ သွားရောက်ဂါရဝပြု တွေ့ဆုံခဲ့ကြသည်။

ဆက်ကပ်လှူဒါန်း

ဝန်ကြီးဦးညာဏ်ဝင်းသည် ညနေပိုင်းတွင် ဗုဒ္ဓမြတ်စွာဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ကြည်ညိုခဲ့ပြီး လုမ္ဗိနီမြန်မာရွှေကျောင်းနှင့် ပဏ္ဍိတာရာမ အပြည်ပြည်ဆိုင်ရာ ဝိပဿနာတရားရိပ်သာတို့သို့လည်း သွားရောက်၍ ကျောင်းထိုင်ဆရာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် နီပေါနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Dr. Minendra Prasad Rajil က လုမ္ဗိနီဗုဒ္ဓမာယာဟိုတယ်၌ တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးညာဏ်ဝင်းသည် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဖေဖော်ဝါရီ ၁၇ရက်တွင် ခတ္တမန္ဒူမြို့ မာလာဟိုတယ်၌ နီပေါ-မြန်မာ ချစ်ကြည်ရေးကောင်စီဥက္ကဋ္ဌ Mr. Rudra Man Pradhan က တည်ခင်းသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

တရားဝင်ဖြန့်ဝေ

အဆိုပါ နေ့လယ်စာစားပွဲမစမီ နီပေါ-မြန်မာ ချစ်ကြည်ရေးကောင်စီဥက္ကဋ္ဌ Mr. Pradhan၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စဆုဂျာတာကွေရားလာနှင့် ဝန်ကြီးဦးညာဏ်ဝင်းတို့က အဖွင့်မိန့်ခွန်းများပြောကြားကြပြီး မြန်မာ-နီပေါ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ် (၅၀) ပြည့် ရွှေရတု အထိမ်းအမှတ်စာအုပ်ကို တရားဝင် စတင်ဖြန့်ဝေခဲ့သည်။

ဝန်ကြီး ဦးညာဏ်ဝင်းသည် မွန်းလွဲပိုင်းတွင် ခတ္တမန္ဒူမြို့ရှိ မြန်မာသံရုံးသို့သွားရောက်ပြီး သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံသည်။ ညပိုင်းတွင် သံအမတ်ကြီး ဦးသက်ဦးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၉ရက်က အင်းပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြနှင့် ကျေးလက်လမ်းတံတားများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းတံတား ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် ကွင်းကောက်- ငွေစပယ်ဖြူလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

First to Fifth Batch(B.A, Law,LL.B) ဥပဒေပညာရပ် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ရက်(အင်္ဂါနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း မွန်တိုင်းရင်းသားနေအိမ် တိုင်းရင်းသားကျေးရွာ သာကေတမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ကျိုက်ခေါက်ဘုရား(သန်လျင်)၊ ရေလယ်ဘုရား (ကျောက်တန်း)တို့သို့ ဘုရားဖူးပို့ဆောင်ပေးမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများကို ဦးအေးသောင်း ဖုန်း-၇၃၀၀၄၄၉၃၊ ၀၁-၃၈၇၆၃၁၊ ဒေါ်ဝေဝေကြည် ဖုန်း-၀၁-၆၆၀၂၆၀၊ ဒေါ်ခင်သန်းမြင့် ဖုန်း-၀၉-၅၁-၂၄၈၆၈၊ ဦးလှမြင့် ဖုန်း- ၀၁-၃၈၀၃၂၄၊ ဒေါ်ခင်ဆွေ ဖုန်း-၀၁-၅၀၁၂၄၉၊ ဦးတင်သောင်း ဖုန်း-၀၉-၉၉-၂၄၉၆၀၊ ဒေါ်ခင်ဝင်း ဖုန်း-၀၆၇-၃၀၁၄၉နှင့် ဒေါ်သန်းသန်း ဖုန်း-၀၁-၅၅၉၉၀၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

လွယ်ဂျယ်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံနှင့် သားဖွားခန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်မော်နှင့်အဖွဲ့ဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၇၉)

တောင်ငူမြို့ကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်း

တောင်ငူ ဖေဖော်ဝါရီ ၁၉

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့ကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့က ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

မီးလောင်စဉ် (ပြည်သူတို့၏တာဝန်)

(က) မီးလောင်မှုဖြစ်ပွားပါက အနီးဆုံး မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(ခ) မီးသတ်ယာဉ်များမရောက်မီ ရေပုံးများ၊ ရရာပစ္စည်းများဖြင့် မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြှိမ်းသတ်ပါ။
(ဂ) မီးလောင်ပြင်သို့လာသော မီးသတ်ယာဉ်များအား ဝင်လမ်း၊ ထွက်လမ်း ပိတ်ဆို့မှုမရှိစေရေး ကူညီဆောင်ရွက်ပါ။
(ဃ) မီးလောင်မှုကြောင့် လွှင့်ပျံ့နေသော မီးပွားများကို ရေပက်ဖျန်းငြှိမ်းသတ်ပေးပါ။
(င) မီးလောင်မှုကို ကူညီငြှိမ်းသတ်ပေးပါ။
(စ) နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးပါ။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ချယ်လ်ဆီးနှင့် စာထပ်မချုပ်ပါက ဂျိုကိုးလ်အား မန်ယူခေါ်မည်

အင်္ဂလန်လက်ရွေးစင်အသင်းနှင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျိုကိုးလ် အနေဖြင့် ချယ်လ်ဆီးနှင့် စာချုပ်သစ် ထပ်မံမချုပ်ဆိုပါက လာမည့်နွေရာသီတွင် မန်ယူက ခေါ်ယူမည်ဖြစ်ကြောင်း အိုင်အမ်စကောက်တီး၌ ဖော်ပြသည်။

ဂျူးဟတ် ဘာမင်ဂမ်၌ဆက်နေရေး သဘောတူညီချက်ရရှိ

ဘာမင်ဂမ်အသင်းသည် ဂိုးသမား ဂျူးဟတ်အား လာမည့်ရာသီတွင် အသင်း၌ အငှားစာချုပ်ဖြင့် ဆက်လက်ခေါ်ယူထားရေးအတွက် မန်စီးတီးအသင်းနှင့် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်ဟုဆိုကြောင်း သည်ဆန်း၌ ဖော်ပြသည်။

စီအက်စ်ကေအေမှ ကာရာဆစ်ကို ဘိုင်ယန်ခေါ်ယူနိုင်ဖွယ်

ဘိုင်ယန်မြူးနစ်အသင်းသည် စီအက်စ်ကေအေ မော်စကိုအသင်းမှ ဆားဘီးယား တောင်ပံကစားသမား မီလို့စ်ကရာဆစ်ကို ခေါ်ယူရန်ကြိုးပမ်းရာတွင် ပြိုင်ဘက် ချယ်လ်ဆီးကို ကျော်ဖြတ်ကာ ခေါ်ယူနိုင်ဖွယ်ရှိကြောင်း ဒေးလီးမေး၌ ဖော်ပြသည်။

မန်ယူမှအိုရှေး ဘာကာ၏ ပစ်မှတ် ဖြစ်လာဖွယ်

စပိန်အားကစားသတင်းဂျာနယ်စပို့ထ်က ဖော်ပြချက်အရ မန်ယူခံစစ်မှူး အိုရှေးသည် လာမည့်နွေရာသီတွင် စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာ၏ ပစ်မှတ် ဖြစ်လာဖွယ်ရှိကြောင်း အိုင်အမ်စကောက်တီးကွမ်၌ ဖော်ပြသည်။

အဲဗာတန်၌ ပျော်ရွှင်ကြောင်း ပီယင်နာ ဖွင့်ဟပြောကြား

အဲဗာတန်ကွင်းလယ်ကစားသမား စတီဗင်ပီယင်နာသည် အဲဗာတန်တွင် ကစားရသည်မှာ ပျော်ရွှင်ကြောင်း ပြောကြားခဲ့ခြင်းဖြင့် အသင်းမှထွက်ခွာမည်ဆိုသော ထင်ကြေး သတင်းများကို အဆုံးသတ်စေခဲ့ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

တိုက်စစ်မှူး ဇာရိတ်အား အာဆင်နယ်ခေါ်ယူရန် ကြိုးပမ်း

အီတလီအသင်း လာဇီယိုတိုက်စစ်မှူး မော်ရိဇာရိတ်သည်အသင်းမှထွက်ခွာမည် ဟုပြောကြားခဲ့ကြောင်းငှင်း၏အေးဂျင့်က ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် အာဆင်နယ် အသင်းက ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

အီဂျစ်နှင့် ချစ်ကြည်ရေးပွဲ၌ ရွှန်နေနှင့်တယ်ရီတို့ ပါဝင်မည်

အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ကာပယ်လိုက လာမည့် မတ်၃ရက်တွင် အင်္ဂလန်လက်ရွေးစင်အသင်းနှင့် အီဂျစ်လက်ရွေးစင်အသင်း ချစ်ကြည်ရေးပွဲ၌ ရွှန်နေနှင့် တယ်ရီတို့ကို ပါဝင်ကစားစေမည်ဖြစ်ကြောင်း သည်တိုင်းမ်စ်၌ ဖော်ပြသည်။

ဒဗလျူဂျီစီအဆင်ရှား ဂေါက်ရိုက်ပြိုင်ပွဲမှ မက်အီလ်ရွိုင်ထွက်ခဲ့ရ

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် မာရာနာမြို့တွင် ကျင်းပလျက်ရှိသော ဒဗလျူဂျီစီအဆင်ရှားဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးသမား ရိုရီမက်အီလ်ရွိုင်သည် ဗြိတိသျှဂေါက်သီးသမား အိုလီဗာဝီလ်ဆင်ကို ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲမှ ထွက်ခဲ့ရကြောင်း၊ မက်အီလ်ရွိုင်သည် ကျင်း ၂၀ရိုက်ရာတွင် ဘာဒီတစ်ကြိမ်သာရရှိခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဥရောပစူပါဖယ်သာဝိတ် သရဖူရယူနိုင်မည် လော်တန်ယုံကြည်

ဗြိတိန်နိုင်ငံ စတုတ်မြို့မှ ဗြိတိသျှလက်ဝှေ့သမား စကော့လော်တန်သည် ၎င်းတွင် ဥရောပစူပါဖယ်သာဝိတ် သရဖူရယူနိုင်သည့် အခွင့်အရေးနှင့် စွမ်းရည် တစ်ရပ်ရှိနေပြီဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဆူအာရက်ဇ်အားခေါ်ယူရန် မန်ယူနှင့် အာဆင်နယ်ပြိုင်ဆိုင်

အေဂျက်စ်တိုက်စစ်မှူး လူးဝစ်ဆူအာရက်ဇ်သည် ချယ်လ်ဆီးနှင့် မန်စီးတီးတို့က ခေါ်ယူရန် ကြိုးပမ်းမှုကို လျစ်လျူရှုခဲ့ကြောင်း၊ နွေရာသီတွင် မန်ယူနှင့် အာဆင်နယ် တို့က ၎င်းအား ပေါင်သန်း ၃၀ဖြင့် စာချုပ်ခေါ်ယူရန် ပြိုင်ဆင်လျက်ရှိကြောင်း ဒေးလီးစတား၌ ဖော်ပြသည်။

ခံစစ်မှူး ဟဂက်စ်အား မန်စီးတီး ခေါ်ယူလို

စီးရီးအေအသင်း ဖီအိုရင်တီးနားခံစစ်မှူး ဂျူအန်မန်နျူယယ်ဗာဂက်စ်အား မန်စီးတီးနည်းပြ မန်စီနီက ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း ဒေးလီးစတား၌ ဖော်ပြသည်။ ။

အဲဗာတန်ကွင်းမှာ ရွှန်နေအနိုင်ဂိုးတွေ သွင်းပြနိုင်ဦးမလား ဝုဗ်ကွင်းမှာ အမှတ်ပြည့်သွားယူပြမယ့် ဇယားထိပ်က ချယ်လ်ဆီးတို့ရဲ့ ပွဲစဉ်(၂၇)အကြို

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၁၉

ချန်ပီယံလိဂ်ပွဲတွေနဲ့ ပွဲပန်းနေပေမယ့် ပရီမီယာလိဂ်ပွဲစဉ် (၂၇)ကလည်း ဖေဖော်ဝါရီ ၂၀(ယနေ့)နဲ့ ၂၁ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ရမှာမို့ အသင်းတိုင်း အကြိတ်အနယ်နွဲကြရဦးမယ့်အနေအထားရှိပါတယ်။ ထိပ်တန်းအသင်းတွေရဲ့ အခြေအနေကလည်း ပွဲတူ ရမှတ်မတိမ်းမယိမ်းဖြစ်နေကြတာမို့ ဒီပွဲစဉ်မှာလည်း ဘယ်အသင်းမှ လျှော့ကစားမှာ မဟုတ်တဲ့အတွက် အသင်းတိုင်း ရင်ပွင့်မတတ် ကစားကြရဦးမှာ သေချာနေပါတယ်။

အဲဗာတန်နှင့် မန်ယူ

အသင်းကြီးတွေကို ဒုက္ခပေးတတ်တဲ့ အဲဗာတန်ကို မန်ယူတို့သတိထားပြီး ကစားရပါလိမ့်မယ်။ အဲဗာတန်မှာ မန်ယူတိုက်စစ်မှူးဟောင်း ဆာဟာက ၁၃ဂိုးသွင်းထားတာမို့ ကစားဘက်ရွှန်နေနဲ့တော့ ထိပ်တိုက်အားပြိုင်အကဲစမ်းကြမယ့် ပွဲပါပဲ။ ရွှန်နေရဲ့ ဒီနှစ် ဂိုးသွင်းစွမ်းရည်ဟာ အံ့သြစရာကောင်းအောင် ထက်မြက်လာတာမို့ အဲဗာတန်ခံစစ်မှူးများ သတိထားရမှာပါ။ မန်ယူဟာ ရှိတဲ့ ကစားသမားအင်အားနဲ့ အနိုင်ရအောင် စွမ်းဆောင်နိုင်တဲ့ ဖာဂူဆန်ရဲ့ အစီအမံကလည်း အရေးပါနေတာမို့ ကစားသမားအခင်းအကျင်းသာ မှန်ကန်ခဲ့ရင် မန်ယူတို့ အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရသွားနိုင်ပါတယ်။ ဒီအချိန်မှာ တန်းစီဇယားကို စိုးမိုးဖို့ အမှတ်လိုနေတဲ့ မန်ယူတို့ အားထည့်ကစားမှာမို့ မန်ယူပရိသတ်အဖြစ် ရပ်ရမှာပါပဲ။

ဝုဗ်နှင့် ချယ်လ်ဆီး

အိမ်ကွင်းမှာ ခြေစွာတတ်တဲ့ ဝုဗ်ကိုချယ်လ်ဆီးတို့ အဓိက ကစားသမားတွေ အကုန်ထုတ်သုံးပြီး ကစားမှာပါ။ ဒုတိယနေရာက တစ်မှတ်သာကွာခြားနေတဲ့ မန်ယူကို အမှတ်ဖြတ်ထားဖို့ဆိုတာ ချယ်လ်ဆီးအတွက် မဖြစ်မနေ လုပ်ရမယ့် အလုပ်ဖြစ်နေပါတယ်။ ပရီမီယာလိဂ်ရဲ့ ဂိုးအများဆုံးသွင်းယူနိုင်တဲ့ ကစားသမားအဖြစ်ရပ်တည်ဖို့ ကြိုးစားနေတဲ့ ဒရော့ဘာဟာဒီပွဲမှာ ဂိုးရအောင်သွင်းမယ်လို့ ကြုံးဝါးထားပါတယ်။ ဒါပေမယ့် ဝုဗ်ရဲ့ တိုက်စစ်အားက မပြင်းထန်ပါဘူး။ ဒွိုင်လီနဲ့ မီလီဂျက်စ်တို့ပဲ ရှိတာမို့ ချယ်လ်ဆီးခံစစ်ကြောင်းကို ထိထိရောက်ရောက် ဖြတ်သန်းဖို့ဆိုတာ ခက်ခဲနေပါလိမ့်မယ်။ ဒီပွဲမှာ အန်ဆယ်လော့တီတို့အဖွဲ့သားတွေ အပြုံးတဝေဝေနဲ့ အိမ်ပြန်နိုင်မှာပါ။

အာဆင်နယ်နှင့် ဆန်းဒါးလန်း

ဒီပွဲမှာ အာဆင်နယ်တို့ အမှတ်ပြည့်ရယူနိုင်ပါမှ ပရီမီယာလိဂ်ဖလား အိပ်မက်ကို ပြန်လည်မက်ခွင့်ရမှာပါ။ နားလည်မှု လွဲနေတတ်တဲ့ အာဆင်နယ်ခံစစ်မှူးတွေအနေနဲ့ ဆန်းဒါးလန်းမှာ ဂိုးသွင်းခြေစွမ်းပြနေတဲ့ ဒါရင်ဘင့်တို့ အုပ်စုကို ထိန်းချုပ်နိုင်ပါ့မလားဆိုတာ ကြည့်ကြရမှာပါပဲ။ အာဆင်နယ်မှာ ဖာဘရီဂတ်စ်ကို ပွဲအစအဆုံး ထည့်ကစားနိုင်ရင် အာစင်ဝင်းဂါး မျှော်လင့်ချက်ပြည့်နိုင်တဲ့ ပွဲလို့ ယူဆမိပါတယ်။

ပို့စ်မောက်နှင့် စတုတ်

တန်းစီဇယားအောက်ဆုံးရောက်နေတဲ့ ပို့စ်မောက်တို့ စတုတ်ဆီက အနည်းဆုံး တစ်မှတ်ရအောင်တော့ အိတ်သွန်ဖာမှောက်ကစားမှာ သေချာပါတယ်။ စတုတ်က အိမ်ကွင်း ခြေမာပေမယ့် အဝေးကွင်းမှာ သရေပွဲ၊ ရှုံးပွဲများနေတတ်တာမို့ အိမ်ကွင်းမှာ ပို့စ်မောက်တို့ အမြတ်ထုတ်မှာပါ။ ဒါပေမယ့် ပို့စ်မောက်မှာလည်း ဒင်ဒိန်းနဲ့ အိုဟာရာတို့ပဲ အားကိုးစရာရှိနေတာမို့ ပွဲအစအဆုံး အားထည့်နိုင်ပါမှ တော်ကာကျလိမ့်မယ်။ စတုတ်ဟာ အသင်းကြီးတွေကို ခံကစားနိုင်တာမှန်ပေမယ့် ခြေမငြိမ်တာမို့ အိမ်ရှင်ကိုပဲ အားပေးရမှာပါ။

ဝက်စ်ဟမ်းနှင့် ဟူးလ်စီးတီး

အမှတ်လိုနေတဲ့ ဝက်စ်ဟမ်းနဲ့ တန်းဆင်းဇုန်ထဲမကျအောင် ကြိုးစားမယ့် ဟူးလ်စီးတီးတို့ပွဲက ကြည့်ကောင်းမှာ သေချာပါတယ်။ နှစ်သင်းစလုံးက အမှတ်တူနေပြီး စိတ်ဓာတ်ပိုင်း ပိုပြင်းထန်တဲ့ အသင်းက အသာစီးရမှာပါပဲ။ ဝက်စ်ဟမ်းမှာ ချာလ်တန်ကိုး၊ နိုဘီလီတို့က အကျပ်အတည်းကြားက လုပ်တတ်ကိုင်တတ်ကြပါတယ်။ ဟူးလ်စီးတီးမှာလည်း စတီဖင်ဟန့်ကဂိုးသွင်းနိုင်တာမို့ ကစားအားချင်းယှဉ်ရင်တော့ မကွာပါဘူး။ အဝေးကွင်း နိုင်ပွဲဈေးဦးမပေါက်သေးတဲ့ ဟူးလ်စီးတီးဟာ ဒီပွဲမှာလည်း အနိုင်ရလဒ် ပျောက်ဆုံးနေဦးမလားပဲ။

ဘလက်ဘန်းနှင့် ဘော်လ်တန်

ဒေးဗစ်ဒွန်းနဲ့ မက်ကာဒေးတို့အုပ်စုခြေပေါ်ရင်တော့ ဘော်လ်တန်တို့အဝေးကွင်းမှာ တစ်မှတ်ရဖို့တောင် မလွယ်ပါဘူး။ ဘလက်ဘန်းရဲ့ အိဝုဒ်ပတ်ကွင်းမှာ ဒေးဗစ်နဲ့ ကလက်နစ်တို့ နှစ်ဦးအားကိုးနဲ့ ဘော်လ်တန်တို့ ရုန်းကန်ရပါလိမ့်မယ်။ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဘော်လ်တန်ကြောင့် ကစားသမားတွေ စိတ်ဓာတ်ယိမ်းယိုင်နေချိန်မို့ ဘလက်ဘန်းရဲ့ အနိုင်ရလိုစိတ် ပြင်းထန်နေမှုကို ဘော်လ်တန်တို့ ထိန်းချုပ်ဖို့မလွယ်ပါဘူး။

မန်စီးတီးနှင့် လီဗာပူး

ဒီအပတ်ပွဲစဉ်မှာတော့ အကြိတ်အနယ်အရှိဆုံးနဲ့ စိတ်ဝင်စားစရာအကောင်းဆုံး ပွဲပါပဲ။ ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ မန်စီးတီးဟာ တီဗက်ဇ်၊ ဘယ်လာမီတို့ အသုံးတည့်နေတာမို့ နည်းပြ မန်စီနီဟာ အိမ်ကွင်းမှာ ရှုံးပွဲမရှိမှတ်တမ်းကို ဆက်လက်ထိန်းသိမ်းဖို့ ကြိုးစားပါလိမ့်မယ်။ လီဗာပူးဟာ နောက်ဆုံးလေးသင်း စာရင်းဝင်ဖို့ ရုန်းကန်ရတာမို့ တောရက်စ်နဲ့ ဂျရတ်တို့ အုပ်စုအားနဲ့ မန်စီးတီးကို ရင်ဆိုင်တာပါ။ နားလည်မှုလွဲမှားနေတတ်တဲ့ လီဗာပူးကစားသမားတွေ အိမ်ရှင်ဆီက တစ်မှတ်ရဖို့တောင် ခက်ခက်ခဲခဲ ကြိုးစားရဖို့ရှိပါတယ်။

ဗီလာနှင့် ဘန်လေ

ဗီလာတို့ကစားအားက ဒီနှစ်မှာ တက်လာပါတယ်။ အဘွန်လဟော၊ ဂျိမ်းမီလာတို့ကလည်း ခြေစွမ်းတွေ ပြနိုင်နေတာမို့ အိမ်ကွင်းမှာ ဗီလာတို့ နိုင်ပွဲတွေဆက်နေပါတယ်။ တစ်သင်းလုံး စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားတတ်တဲ့ ဗီလာကို ဘန်လေတို့ လက်ရှိ ခြေစွမ်းနဲ့ ယှဉ်လို့မရနိုင်ပါဘူး။ ဘန်လေဟာ ဒီနှစ်မှာ အဝေးကွင်းနိုင်ပွဲရလဒ် ပျောက်ဆုံးနေဆဲဖြစ်တာမို့ ဒီပွဲမှာလည်း အမြင့်ဆုံးမျှော်လင့်နိုင်ရင် တစ်မှတ်ပါပဲ။ ဒီရလဒ်ထက် မပိုနိုင်ပါဘူး။

ဝီဂန်နှင့် စပါး

ဒီဖိုး၊ လီနွန်တို့က ဒီနှစ်မှာ ဂိုးသွင်းခြေစွမ်းတွေ တက်လာတာမို့ စပါးတို့လည်း နိုင်ပွဲတွေဆက်နေတာပါပဲ။ အမှားအယွင်းနည်းအောင်ကစားတတ်တဲ့ စပါးတို့ကို ဝီဂန်တို့အိမ်ကွင်းဆိုပေမယ့် မျှော်လင့်ချက်ကြီးကြီးထားဖို့ မလွယ်ပါဘူး။ ဝီဂန်ဟာအိမ်ကွင်းမှာ စပါးဆီက အနည်းဆုံး တစ်မှတ်လောက်တော့ ရအောင်ယူမှာမို့ စပါးတို့ ပေါ့ပေါ့ဆဆ ကစားလို့တော့ မရပါဘူး။

ဖူလ်ဟမ်နှင့် ဘာမင်ဂမ်

အသင်းလိုက်ကစားအားကောင်းတဲ့ ဖူလ်ဟမ်ဟာ ဘာမင်ဂမ်ကို ဇာမိုရာတို့အုပ်စုအားကိုးနဲ့ ရင်ဆိုင်မှာပါ။ ဘာမင်ဂမ်မှာ လီဘောင်ယာနဲ့ ခရစ်တင်းတို့က ပုံမှန်ခြေစွမ်း ပြန်ရနေတာမို့ ဖူလ်ဟမ်တို့ သတိထားကစားရမှာဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကွင်း အားသာချက်နဲ့ အနိုင်ဆိုတဲ့ရလဒ်ကို ဖန်တီးတတ်တဲ့ ဖူလ်ဟမ်ကိုပဲ သဘောကျမိပါတယ်။ ။ **ကိုးကား-အင်တာနက်**

ကမ္ဘာကျော်တိုက်ဂါးဝုဒ်နှင့် ဆွီဒင်မယ်ဟောင်းဇနီးသည် အီလင်း။

(အင်တာနက်ဓာတ်ပုံ)

တိုက်ဂါးဝုဒ်၏ နောင်တ

မြင့်မောင်စိုး ရေးသည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၉

ကမ္ဘာကျော် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်က စနစ်တကျအထူးစီစဉ်ထားသော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ သူ၏သူငယ်ချင်းများနှင့် မိသားစုအတွက် နာကျင်စွာခံစားနေရမှုများနှင့် စပ်လျဉ်းပြီး တောင်းပန်စကားဆိုလိုက်သည်။

ကမ္ဘာ့နံပါတ်(၁) တိုက်ဂါးဝုဒ်က ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်ပျက်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁၉ရက်က ပထမဆုံးအကြိမ် လူသိရှင်ကြား သတင်းစာ ရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်ရှိ အမေရိကန်နိုင်ငံသား တိုက်ဂါးဝုဒ်က ဖလော်ရီဒါရှိ သူငယ်ချင်းတစ်စုနှင့် ကစားဖော်ကစားဖက်များအား တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်ဟာ တကယ်တော့ သစ္စာမဲ့တဲ့လူတစ်ယောက်ပါ။ ကိုယ့်အလုပ်အကိုင်အပေါ် လိမ်ညာနေတဲ့ လူတစ်ယောက်ပါ။ ဘာဖြစ်လို့ ဒီလိုလုပ်မိတယ်ဆိုတာကိုလည်း ကျွန်တော့်ကိုယ်ကျွန်တော် နားမလည်တော့ပါဘူး" ဟု ဂရင်းဆလမ်ဖလားကြီး ၁၄လုံး ဆွတ်ခူးခဲ့ဖူးသူ တိုက်ဂါးဝုဒ်က ပြောသည်။

နာကျင်ခံစား

"ဒီလို သစ္စာမဲ့တဲ့လုပ်ရပ်တွေ လုပ်မိလို့ ကျွန်တော့်ရဲ့ဇနီး၊ ကျွန်တော့်ရဲ့သမီး၊ ကျွန်တော့်ရဲ့အမေ၊ ကျွန်တော့်ရဲ့မိသားစု၊ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေ၊ ကျွန်တော့်ရဲ့ ဖောင်ဒေးရှင်းနဲ့ တစ်ကမ္ဘာလုံးက ကျွန်တော့်ကို အားပေးနေတဲ့ ပရိသတ်တွေအတွက် နာကျင်စွာ ခံစားနေရပါပြီ" ဟု တိုက်ဂါးဝုဒ်ကဆက်လက် ပြောကြားသည်။

တိုက်ဂါးဝုဒ်က ယခုနှစ်အတွင်း ဂေါက်သီးပြန်လည် ကစားမည်၊ မကစားမည်ဆိုသည့် ကိစ္စကိုတော့ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ သို့သော်လည်း ဂေါက်သီးပြန်လည်ကစားရန် အစီအစဉ်ရှိကြောင်း၊ မည်သည့်နေ့ဖြစ်မည်ကို အတိအကျ မပြောနိုင်သေးကြောင်း၊ ဂေါက်သီးကစားရန် အလေ့အကျင့်များ ပြန်လည် အားမွေးရဦးမည်ဖြစ်ကြောင်း တိုက်ဂါးဝုဒ်က ဆက်လက်ပြောကြားသည်။

နှုတ်ပိတ်

တိုက်ဂါးဝုဒ်က ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၇ရက်က ယာဉ်မတော်တဆဖြစ်ခဲ့သည့် ကိစ္စကိုလည်း ပရိသတ်အား ရှင်းမပြဘဲ ရေငုံနှုတ်ပိတ်နေခဲ့သည်။

(အင်တာနက်)

ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန အင်္ဂလိပ်စကားပြောသင်တန်းဆင်း ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ် (၁/၂၀၀၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ အရာထမ်း သင်တန်းသူငါးဦးတို့က စားပွဲဝိုင်းဆွေးနွေးပွဲ (Round Table Discussion) အဖြစ် All Round Development of Our Country အကြောင်းအရာကို သရုပ်ပြဆွေးနွေးကြသည်။

ထို့နောက် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ အရာထမ်း သင်တန်းသူနှစ်ဦးက Conversation အဖြစ် နေပြည်တော်ဆိုင်ရာ အချက်အလက်များ (About Naypyitaw) ကို သရုပ်ပြဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူများကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဌေးထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

ပေးအပ်

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား ပြည်တွင်းအခွန်များဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဖေယျက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ အင်္ဂလိပ်စကားပြောသင်တန်းသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်း ၅၀တို့ တက်ရောက်ခဲ့ကြပြီး ရက်သတ္တ ၁၆ပတ်ကြာ လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်

ဖေဖော်ဝါရီ ၁၈ရက်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ပျဉ်းမနားမြို့နယ် မဲပေါက်ကျေးရွာအုပ်စုရှိ ဂမုန်းတောင်ကျေးရွာ၌ CDMA တယ်လီဖုန်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြပြီး စစ်တွေမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

သီးခြားစီတွေ့ဆုံ

ထို့နောက် မွန်းလွဲပိုင်းတွင် စစ်တွေအကျဉ်းထောင် ထောင်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး အကျဉ်းသားလေးဦးနှင့်တွေ့ဆုံကာ ညနေပိုင်းတွင် စစ်တွေမြို့၌ နိုင်ငံ တကာ လူမှုရေးအဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် သီးခြားစီ တွေ့ဆုံသည်။

Mr. Tomas Ojea Quintana သည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဘူးသီးတောင် အကျဉ်းထောင်၌ အကျဉ်းသား ငါးဦးနှင့် တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ ဘူးသီးတောင်နှင့် မောင်တောမြို့တို့မှ ဒေသခံများနှင့် တွေ့ဆုံပြီး ညနေပိုင်းတွင် ဘူးသီးတောင်မြို့မှ စစ်တွေမြို့သို့ အမြန်ရေယာဉ်ဖြင့် ပြန်လည်ရောက်ရှိသည်။

Mr. Tomas Ojea Quintana နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး အင်းစိန် အကျဉ်းထောင်၌ အကျဉ်းသား ခြောက်ဦးနှင့် သီးခြားစီတွေ့ဆုံ၍ အင်းစိန်အကျဉ်းထောင်အတွင်း လှည့်လည်ကြည့်ရှုသည်။

တွေ့ဆုံ

ထို့နောက် Mr. Tomas Ojea Quintana သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြရိပ်ညိုဟိုတယ်၌ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသည့် ကရင်နီလူမျိုးစု လွတ်မြောက်ရေး တပ်ဦး (ကလလတ)မှ ဦးထွန်းကျော်နှင့်အဖွဲ့၊ NDAK ကချင်အထူးဒေသ(၁)မှ ဦးဝေါ့လော်ဟောင်းခေါင်နှင့်အဖွဲ့၊ DKBA အဖွဲ့မှ ဦးသာထူးကျော်နှင့်အဖွဲ့၊ ဘုရားကုန်း အထူးဒေသမှ ဖဒိုအောင်ဆန်းနှင့်အဖွဲ့တို့အား တွေ့ဆုံသည်။

ဆက်လက်၍ Mr. Tomas Ojea Quintana သည် ညနေပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးတင်ဦးနှင့် အဖွဲ့ဝင်များနှင့် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးနှင့် အဖွဲ့ဝင်များနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

Mr. Tomas Ojea Quintana နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်တို့နှင့် တွေ့ဆုံခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့နှင့် တွေ့ဆုံသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် Mr. Quintana သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် Mr.Quintana သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သံတမန်များနှင့် တွေ့ဆုံပြီး လေဆိပ်ဧည့်ခန်းမ၌ သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr.Tomas Ojea Quintana နှင့် အဖွဲ့သည် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန် မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီး
ကာကွယ်
မီးရန်စွယ်

(၁၁)ကြိမ်မြောက် လက်မ ပြတ်တောက်လူနာအား ခြေညှိုးဖြင့် အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ နိုင်ငံတော်က ဆေးရုံများ အဆင့်မြှင့်တင်သည့်အနေဖြင့် ဆေးရုံကြီးများ၌ ခေတ်မီစက်ပစ္စည်း ကိရိယာများ ဖြည့်ဆည်းပံ့ပိုးပေးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၈ရက် နံနက် ၇နာရီက ရန်ကုန်မြို့ အရိုးအထူးကုဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသဆောင်၌ (၁၁)ကြိမ်မြောက်အဖြစ် မြန်မာ့ခွဲစိတ်ကုဆရာဝန်ကြီးများက လက်ပိုင်းဆိုင်ရာ အစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

အောင်မြင်စွာကုသနိုင်ခဲ့

လက်မ ပြတ်တောက်လူနာ ဦးမောင်မောင်တုတ် (၃၈)နှစ်သည် ငါးဖမ်းသင်္ဘောပေါ်မှ အလုပ်လုပ်နေစဉ် ဝဲဘက်လက်မ ပြတ်တောက်သွားသဖြင့် ရန်ကုန်ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူခဲ့ပြီး အရိုးအထူးကုဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ဆောင်၌ တက်ရောက်၍ ကုသမှုခံယူခဲ့ရာ တွဲဖက်ပါမောက္ခ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာခင်မောင်မြင့် ဦးဆောင်၍ လက်ပိုင်းဆိုင်ရာ အထူးကုဆရာဝန် ဒေါက်တာစောထွဋ်၊ ဆေးလက်တွေ့ပါရဂူဘွဲ့ ဒုတိယနှစ်သင်တန်းသား လက်ပိုင်းဆိုင်ရာ အထူးကုဆရာဝန် ဒေါက်တာကျော်ဖေယျ၊ ပထမလက်ထောက်ဆရာဝန် ဒေါက်တာမျိုးမင်းဦးတို့ ပါဝင်သောအဖွဲ့က ဆေးရုံအုပ်ကြီး ဒေါက်တာညွှန့်လှိုင်၏ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်မှုဖြင့် ယာဘက်ခြေညှိုးဖြင့် ပြတ်တောက်လက်မ အစားထိုးခွဲစိတ်ကုသခဲ့ကြရာ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ကြသည်။

ပါဝင်ဆောင်ရွက်

ခွဲစိတ်ကုသမှုအောင်မြင်ရန်အတွက် မေ့ဆေးတွဲဖက်ပါမောက္ခ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ခင်မျိုးသင်း ဦးဆောင်၍ မေ့ဆေးအထူးကု ဆရာဝန် ဒေါက်တာအောင်ဌေး၊ ဒေါက်တာတင်မျိုးမင်းနှင့် ပထမလက်ထောက်ဆရာဝန် ဒေါက်တာထွန်းလှမောင်တို့ပါဝင်သည့် မေ့ဆေးအဖွဲ့နှင့် သူနာပြုဆရာမကြီးဒေါ်မြသန်း၊ အထက်တန်းသူနာပြု ဒေါ်နော်ဖဲနေနှင့် သူနာပြု ဒေါ်ဆွေဆွေမာတို့က ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည်။

အခြေအနေကောင်းမွန်

ဝဲဘက် လက်မ ပြတ်တောက်လူနာ ဦးမောင်မောင်တုတ်၏ အစားထိုးလက်မ သွေးကြောများ၏ အခြေအနေမှာ သွေးလည်ပတ်မှု ကောင်းမွန် တိုးတက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အရိုးအထူးကုဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ် ကုသဆောင်၌ (၁၁)ကြိမ်မြောက် လက်မ ပြတ်တောက်လူနာအား မြန်မာ့ခွဲစိတ်ကု ဆရာဝန်ကြီးများက ခြေညှိုးဖြင့် အောင်မြင်စွာအစားထိုး ခွဲစိတ်ကုသဆောင်ရွက်နိုင်မှုကို တွေ့ရစဉ်။ (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်မှုများကြောင့် ထန်းတပင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များ၌ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်နှင့် ကျောက်ကြီးမြို့နယ်များအတွင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွင်း KNU အကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၃)မှ သောင်းကျန်းသူများထောင်ထားသည့် မိုင်းများအား နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပွားခဲ့သည်။ ထန်းတပင်မြို့နယ် ပိတောက်ကွင်းကျေးရွာမှ ကိုဝင်းစိုးသည် ဖေဖော်ဝါရီ ၆ရက်တွင်လည်းကောင်း၊ ကင်ပွန်းခြုံကျေးရွာမှ ဦးတင်ထူးသည် ဖေဖော်ဝါရီ ၁၂ရက်တွင် လည်းကောင်း တောတွင်းဝါးခုတ်ရာမှ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းအားနင်းမိခဲ့သဖြင့် ဘယ်ခြေချင်းဝတ်ပြတ် ဒဏ်ရာအသီးသီးရရှိခဲ့သည်။ ကျောက်ကြီးမြို့နယ်၊ မုန်း (၁)ရပ်ကွက်မှ ဦးတင်ဦးသည် ဖေဖော်ဝါရီ ၇ရက်တွင် တောင်ယာသို့အသွား လှည်းလမ်းပေါ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းအားနင်းမိခဲ့သဖြင့် ဘယ်ပေါင်နှင့် ညာတင်ပါးတွင် ဒဏ်ရာအသီးသီးရရှိခဲ့ပြီး တာလိုကျေးရွာမှ စောသာခွေသည် ဖေဖော်ဝါရီ ၁၅ရက်တွင် ထင်းခုတ်နေရာမှ သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းအား နင်းမိပေါက်ကွဲပြီး ယာဒူးအောက်ပြတ် ဒဏ်ရာအသီးသီးရရှိခဲ့ကြသည်။ မိုင်းထိမှန်ဒဏ်ရာရရှိသူများကို ပြည်သူ့ဆေးရုံများတွင် ပို့ဆောင်၍ ဆေးဝါးကုသပေးပြီး ဒေသတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်ပွား

အလားတူ ကရင်ပြည်နယ် ကော့ကရိတ်မြို့ မြို့မဈေးအနောက်ဘက်ဈေးရုံ ပြင်ပဈေးတန်းရှိ ကုန်ခြောက်ဆိုင်တစ်ဆိုင်၏အောက်၌ ဖေဖော်ဝါရီ ၁၉ရက် နံနက် ၁၀နာရီ ၅၅မိနစ်ခန့်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ထပ်မံတွေ့ရှိ

ပေါက်ကွဲမှုကြောင့် ဒေသခံများဖြစ်ကြသော ကော့ကရိတ်မြို့နေ ဒေါ်နော်အဲဝါ၊ ဒေါ်အနာရေး၊ ဒေါ်အေးအေးခိုင်၊ မဇင်မာထွေးနှင့် ဦးဆန်းနိုင်တို့ ငါးဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပြီး ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဈေးရုံအတွင်း ထပ်မံရှင်းလင်းစဉ် မိုင်းတစ်လုံးထပ်မံတွေ့ရှိကြောင်း သိရှိရသည်။

လိုက်လံရှင်းလင်း

ဤကဲ့သို့ ရိုးသားစွာလုပ်ကိုင်စားသောက်လျက်ရှိသော ပြည်သူများကို ရက်စက်စွာပြုမူကျူးလွန်ကြသည့် လုပ်ရပ်များကြောင့် ဒေသခံပြည်သူလူထုအနေဖြင့် KNU သောင်းကျန်းသူများ အပေါ် စိတ်နာကြည်းမှုများဖြစ်ပေါ်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများထံသို့ သောင်းကျန်းသူများ၏ လှုပ်ရှားမှုသတင်းများပေးပို့ခြင်း၊ သောင်းကျန်းသူများ ခိုအောင်းလေ့ရှိသည့်နေရာများအား လမ်းညွှန်ပြသပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လာပြီး တပ်မတော်စစ်ကြောင်းများကလည်း KNU သောင်းကျန်းသူများအား လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေနန်းတော်ဝင်၏ အထူး "Promotion"

[illegible] (အထူးနှုန်း) [illegible] ရွှေနန်းတော်ဝင် [illegible]

[illegible] ကျပ် ၅၀၀၀ိ/- [illegible]

(ပင်မရုံး) - အမှတ်(၂၀) SR [illegible] ရန်ကုန်မြို့၊ ဖုန်း-[illegible] Fax-95-1-513536

ဆိုင်ခွဲ(၂) - အမှတ်(၁၃၈) ဗိုလ်ချုပ်အောင်ဆန်းဈေး [illegible] ဖုန်း- 95-1-240966 (Ext-386)

ဆိုင်ခွဲ(၃) - အမှတ်(၁၁၅) [illegible] ရန်ကုန်မြို့၊ ဖုန်း-[illegible]

ဆိုင်ခွဲ(၄) - အမှတ်(၇၆) [illegible] ဖုန်း-[illegible]

မော်လိုက်မြို့နယ်၌ စာကြည့်တိုက်များဖွင့်

မော်လိုက် ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ယူးဝကျေးရွာအုပ်စု မန်ကျည်းတန်း ကျေးရွာဖွံ့ဖြိုးအောင်မြင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက်နံနက် ၁၀နာရီကအဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မော်လိုက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်ရီရီရှိန်၊ ယူးဝကျေးရွာအုပ်စု ဥက္ကဋ္ဌဦးအောင်မြင့်သန်းနှင့် အဖွဲ့ဝင် ဦးအောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ ယူးဝကျေးရွာအုပ်စု ပရောက်ကျေးရွာပွင့်လင်းအောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကိုလည်း ယင်းနေ့ မွန်းလွဲ၂နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မော်လိုက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်သန်းနှင့် အဖွဲ့ဝင်ဦးတုတ်စိန်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင်ပြန်/ဆက်)**

မေယုစာကြည့်တိုက် ရွှေပြည်သာ၌ဖွင့်
စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ မေယု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အုံးညွန့်၊ အမှတ်(၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး ဆွေးနွေးပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဝိဇာတမွေးနေ့ပူဇော်ပွဲအလှူမင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ မြတ်လေးလမ်းရှိ ပင်လုံရတနာကျောင်း၌ ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓ၏ ဝိဇာတမွေးနေ့ ပူဇော်ပွဲအလှူမင်္ဂလာကို (၁၃၇၁ ခုနှစ် တပေါင်းလဆန်း ၉ ရက်) ၂၁-၂-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဒါယကာ ဒါယိကာမများအား အသိပေးဖိတ်ကြားအပ်ပါသည်။

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ



မော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၄)ရပ်ကွက် စက်လမ်းကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အင်းစိန်မြို့နယ်တွင် စာဖတ်ဝိုင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ရက် ညနေ ၄နာရီက အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး အမြင်သစ်စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်မြင့်အေးနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားကိုလည်းကောင်း(**အပေါ်ယာပုံ**)၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း ပြောကြားပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများကဆောင်းပါး၊ ကဗျာနှင့် စာပေများကို အသီးသီး ဖတ်ကြားကြကာ ကျောင်းသား ကျောင်းသူများအတွက် စာကြည့်တိုက်နာယက ဦးမောင်မောင်မြင့်အေးက ကျောင်းသုံးပစ္စည်းများ ပေးအပ်သည်။

ဆွေးနွေး

ဆက်လက်၍ တက်ရောက်လာသူများက စာကြည့်တိုက်အသင်းဝင်တိုးတက်ရေး၊ စာအုပ် စာစောင်တိုးပွားရေးနှင့် ငွေပဒေသာပင်စိုက်ထူရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(ခရိုင်ပြန်/ဆက်)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့်မြန်မာဘောလုံးအကယ်ဒမီအတွက်လူရွေးချယ်ပွဲမတ်လအတွင်းစတင်မည်။



ပြည်နယ်နှင့်တိုင်းအလိုက် လူရွေးချယ်မည့်အစီအစဉ်

ရက်စွဲ	နေရာ	ဖုန်း
၂-၃-၂၀၁၀ မှ ၅-၃-၂၀၁၀	ဧရာဝတီတိုင်း(ပုသိမ်)	[illegible]
၄-၃-၂၀၁၀ မှ ၇-၃-၂၀၁၀	ရှမ်းပြည်နယ်(တောင်ပိုင်း)(တောင်ကြီး)	[illegible]
၅-၃-၂၀၁၀ မှ ၉-၃-၂၀၁၀	ပဲခူးတိုင်း(ပဲခူး)	[illegible]
၈-၃-၂၀၁၀ မှ ၁၁-၃-၂၀၁၀	ပဲခူးတိုင်း(ပြည်)	[illegible]
၈-၃-၂၀၁၀ မှ ၁၄-၃-၂၀၁၀	ရန်ကုန်တိုင်း(ရန်ကုန်)	[illegible]
၉-၃-၂၀၁၀ မှ ၁၂-၃-၂၀၁၀	ကယားပြည်နယ်(လွိုင်ကော်)	[illegible]
၉-၃-၂၀၁၀ မှ ၁၄-၃-၂၀၁၀	မန္တလေးတိုင်း(မန္တလေး)	[illegible]
၁၁-၃-၂၀၁၀ မှ ၁၄-၃-၂၀၁၀	နေပြည်တော်(ပျဉ်းမနား)	[illegible]
၁၁-၃-၂၀၁၀ မှ ၁၄-၃-၂၀၁၀	မကွေးတိုင်း([illegible])	[illegible]
၁၅-၃-၂၀၁၀ မှ ၁၈-၃-၂၀၁၀	စစ်ကိုင်းတိုင်း([illegible])	[illegible]
၁၅-၃-၂၀၁၀ မှ ၁၈-၃-၂၀၁၀	ရှမ်းပြည်နယ်(မြောက်ပိုင်း)(လားရှိုး)	[illegible]
၁၅-၃-၂၀၁၀ မှ ၁၈-၃-၂၀၁၀	ကရင်ပြည်နယ်(ဘားအံ မြဝတီ)	[illegible]
၂၃-၃-၂၀၁၀ မှ ၂၈-၃-၂၀၁၀	ရှမ်းပြည်နယ်(အရှေ့ပိုင်း)(ကျိုင်းတုံ)	[illegible]
၂၃-၃-၂၀၁၀ မှ ၂၈-၃-၂၀၁၀	ရခိုင်ပြည်နယ် (စစ်တွေ)	[illegible]
၂၃-၃-၂၀၁၀ မှ ၂၈-၃-၂၀၁၀	ကချင်ပြည်နယ် (မိုးညှင်း မြစ်ကြီးနား ဗန်းမော်)	[illegible]
၂၃-၃-၂၀၁၀ မှ ၂၈-၃-၂၀၁၀	စစ်ကိုင်းတိုင်း (ကသာ)	[illegible]
၂၃-၃-၂၀၁၀ မှ ၂၈-၃-၂၀၁၀	တနင်္သာရီတိုင်း (မြိတ်ထားဝယ်)	[illegible]
၂၃-၃-၂၀၁၀ မှ ၂၈-၃-၂၀၁၀	မွန်ပြည်နယ်(မော်လမြိုင်၊ သထုံ)	[illegible]

မြန်မာနိုင်ငံတစ်ဝန်းမှ ဘောလုံးအခြေခံရှိသော အသက်(၁၀)နှစ်မှ(၁၅)နှစ်ကြား လူငယ်ကလေးများရွေးချယ်ခံနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး ဖုန်း [illegible] နှင့် သက်ဆိုင်ရာမြို့ကြီးများမှ ပဏာမရွေးချယ်ရေးအဖွဲ့များထံသို့ ကြိုတင်ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ပါသည်။

သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား မန်တုံတွင် ကျန်းမာရေးစစ်ဆေးကုသပေး

မန်တုံ ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးကြသည်။

အခမဲ့ပေးဝေ

ယင်းကျန်းမာရေး စစ်ဆေးမှုတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာစိန်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာလှိုင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်စန်းမြင့်တို့ ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ သက်ကြီးရွယ်အို အဘိုး၊ အဘွားများ စုစုပေါင်း ၅၀ကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသပေးခြင်းနှင့် ရောဂါကာကွယ်ရေးအတွက် သောက်ဆေးများ အခမဲ့ပေးဝေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြဲ မြဲ အနယ်နယ် သတင်းများ

ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စိမ်းလဲ့တင်ဟိုတယ်ပိုင်ရှင် မိသားစုက ငွေကျပ် ခြောက်သိန်း ရှစ်သောင်းတန်ဖိုးရှိ ကွန်ပျူတာ ဆက်စပ်ပစ္စည်းတစ်စုံကို ဇန်နဝါရီ၁၉ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုနေ့အထိမ်းအမှတ် ကောလင်း၌ ကျင်းပ

ကောလင်း ဖေဖော်ဝါရီ ၁၅

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇန်နဝါရီ ၂၂ရက် မွန်းလွဲ ၁နာရီက ကောလင်းမြို့နယ် ဝါးရုံခုံအုပ်စု တာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလှမြိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိန်မြင့်တို့က အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်(သိန်းကျော်မြင့်- ကောလင်း)က ညီနောင်တစ်စု မမေ့အပ်သည့် ပြည်ထောင်စု နေ့မြတ်ကို လည်းကောင်း၊အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က နှစ်ကိုယ့်တစ်စိတ်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား သွေးချင်းများ၏ ဘဝပုံရိပ်ကိုလည်း ကောင်း ဟောပြောကြသည်။ (ဝ၃၂)

လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

လားရှိုး ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က စီစဉ်သော စာအုပ်စာစောင်လှူဒါန်းပွဲကို တာပုံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇန်နဝါရီ ၂၇ရက် နံနက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဝေ (ကောင်းညွန့်ဝေ- ရေစကြို)နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာအုပ်စာစောင်လှူဒါန်း

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းနှင့် ဒေသခံ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးကျော်သီဟတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် စာအုပ်၊ စာစောင်အလှူရှင်များဖြစ်ကြသော ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စာနယ်ဇင်းဥက္ကဋ္ဌတို့က ဌာနများမှ စုဆောင်းရရှိသော စာအုပ် စာစောင်များကိုလည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်မှ စာတည်းဦးဇော်လွင်နှင့် ဇနီး ဒေါ်နီလာဝင်းတို့ လှူဒါန်းသော နေ့စဉ်ထုတ်သတင်းစာစောင်ရေ ၅၀၀ တို့ကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ကျောင်းဖွံ့ဖြိုးရေးအတွက် မတည်ရန်ပုံငွေကျပ် လေးသောင်းကို အလှူရှင်များကိုယ်စား မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန လက်ထောက်ပြည်နယ်မန်နေဂျာ ဒေါက်တာမိုးကျော်သူက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေဝင်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ဝ၂၆)

ဝက်သက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း မြောက်ဦး၌ အသိပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံဟောင်းခန်းမ၌ ဇန်နဝါရီ ၃၀ရက်က ဝက်သက်ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ အသိပေးအခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းက ဝက်သက်ရောဂါစောင့်ကြပ် ကြည့်ရှုမှုလုပ်ငန်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ (၁၁၃)

မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာတွင် အလင်းတန်းစာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၈

မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် အများပြည်သူများစုပေါင်း၍ ဆောက်လုပ်သော အလင်းတန်း စာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်း ပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အလင်းတန်း စာကြည့်တိုက် အဆောက်အအုံသစ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ညောင်ကိုင်းရပ်ကွက်ဥက္ကဋ္ဌ ဦးသောင်းတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အလှူငွေပေးအပ်

အခမ်းအနားကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးဦးသန်းထွန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆွေတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေက စာအုပ်စာစောင် အုပ် ၅၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ဦးစီးအရာရှိ ဦးမောင်မောင်က စာအုပ်စာစောင်အုပ် ၁၀၀၊ ဦးစိုးတင် - ဒေါ်ယဉ်ယဉ်မိုးမိသားစုက ဗီရိုတစ်လုံး၊ ဦးသန်းအောင်- ဒေါ်ခင်ဌေးရီမိသားစုက ငွေပဒေသာပင် ကျပ်၃၀၀၀၀နှင့် အလှူရှင်များက သတင်းစာ၊ ဒို့ကျေးရွာဂျာနယ်နှင့် စာစောင်များဝယ်ယူရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

လွှဲပြောင်း

ထို့နောက် အလင်းတန်းစာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ခရိုင်ဦးစီးအရာရှိ ဦးဘိုလှရီထံ ညောင်ကိုင်းရပ်ကွက် ဥက္ကဋ္ဌ ဦးသောင်းတင်က လွှဲပြောင်းပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ညောင်လေးပင်၌ ရွှေ့ဆောင်စာကြည့်တိုက်ဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၁၅

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မြို့မ(၄)ရပ်ကွက် ရွှေ့ဆောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းထိုက်နှင့် မြို့မ(၄)ရပ်ကွက် ဥက္ကဋ္ဌ ဦးမောင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးခင်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထိုက်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာငှားစနစ် ကျင့်သုံးဆောင်ရွက်ရေး ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (စာထောက်-၃) ဒေါ်နီနီဝင်းက သုတ၊ ရသစာအုပ်မျိုးစုံအုပ်၁၀၀၊ ဦးခင်မောင်လွင် (အလှကုန်ဆိုင်)က သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၅၀တို့အား ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်နိုင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာ့ဗိမာန် ကျေးရွာစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ နတ်မောက်၌ကျင်းပ

နတ်မောက် ဖေဖော်ဝါရီ ၁၄

မကွေးတိုင်း နတ်မောက်မြို့နယ် ကျွန်းတောကျေးရွာရှိ ပညာ့ဗိမာန် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ အဆောက်အအုံတွင် ဇန်နဝါရီ ၂၃ရက် နံနက် ၉နာရီက ကျင်းပရာ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး) ဦးမြင့်ဆွေက ကျွန်တော့်ရွာမှ စာကြည့်တိုက်လေး ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် အလှူရှင်များက ငွေကျပ် ၁၃သိန်း တန်ဖိုးရှိ ပရိဘောဂနှင့် စာအုပ်စာစောင်များကို စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

တည်ဆောက်

အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော် မတည်ငွေကျပ် ၁၀သိန်းနှင့် ပြည်သူများ၏ စုပေါင်း ထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ကုတ်၌ စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

တောင်ကုတ် ဖေဖော်ဝါရီ ၁၀

တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြန်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၆ရက် ည ၇နာရီက တောင်ကုတ်မြို့နယ် ကန်းဒေးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဖျော်ဖြေတင်ဆက်

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းပြောကြားပြီးနောက် စာအုပ်လှူဒါန်းပွဲကို ကျင်းပသည်။ ထို့နောက် ဒေသတွင်း စာရေးဆရာများဖြစ်ကြသည့် အောင်သာဆန်း (သံတွဲ)၊ မောင်နှစ်သိမ့် (တောင်ကုတ်)၊လှမြင့်အောင်(တောင်ကုတ်) မောင်နေပူ (တောင်ကုတ်)၊ မောင်ချစ်အောင် (တောင်ကုတ်)တို့က စာပေရေးရာများ ဟောပြောပြီး မြန်မာမှုတေးဂီတအဖွဲ့မှ ဂန္ထဝင်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။ **(မြို့နယ် ပြန်/ဆက်)**

ခင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးလုံခြုံရေးအတွက် စင်မြင့်ရေစင်၊ မြေအောက်ရေလှောင်ကန်၊ မီးသတ်စက်ငယ်နှင့် မီးသတ်ရေငုတ်များ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဇန်နဝါရီ ၂၄ရက်က အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းတို့က လိုက်လံစစ်ဆေးခဲ့ပြီး ဈေးတာဝန်ခံနှင့် ဈေးသူဈေးသားများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များက မီးသတ်ရေငုတ်မှ မီးငြိမ်းသတ်နိုင်မှုကို လက်တွေ့ သရုပ်ပြကြစဉ်။ (၁၈၂)

ဆီဆိုင်မြို့၌ ပန်းအလှပင်များ စိုက်ပျိုး

ဆီဆိုင် ဖေဖော်ဝါရီ ၁၅

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ရက်က အဖွဲ့ပိုင် ပြည်သာယာပန်းခြံအတွင်း ဝန်ထမ်းများစုပေါင်း၍ ပန်းအလှပင်များ စိုက်ပျိုးနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခွန်ဝင်းမင်းထွန်းတို့က ကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ် အမှတ်(၅) လမ်းမကြီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးက လှိုင်သာယာ-ဒလ-တွံ့တေး ကားလမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❍



ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်း ကျေးရွာ၌ Cyclone Shelter ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ယခုကာလတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ဖြစ်ပွားမှုများ မြန်မာနိုင်ငံ၌ တွေ့ရှိနေကြောင်း နေ့စဉ်သတင်းများ ထုတ်ပြန်ဖော်ပြခဲ့ပြီးဖြစ်သည်။ ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မှော်ဘီမြို့နယ်တို့၌ A (H1N1) ရောဂါပိုး တွေ့ရှိမှုဖြစ်စဉ်များ ရှိနေကြောင်း သိရှိရသည်။ *စာမျက်နှာ ၃ ကော်လံ ၅* ●

တက္ကသိုလ်ဝင်စာမေးပွဲနှင့် စပ်လျဉ်းသည့် သတင်းကြေညာချက် ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

၂၀၁၀ခုနှစ် မတ် ၁၀ရက်မှ မတ် ၁၉ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများသိရှိရန် သတင်းကြေညာချက်ကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✡